The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 25, NO. 9 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 1, 2025






# ပြန်လည်ဆန်းသစ်လာသည့် မြန်မာ့ကျောက်သင်ပုန်း

စာမျက်နှာ-၁၀ ➤







## မအူပင်မြို့နယ်တွင် လေ့ထိုးစပါး ဈေးကွက်ရလျက်ရှိ

စာမျက်နှာ-၆ ➤

## နိုင်ငံအတွက် အားထားရသည့် တနင်္သာရီတိုင်းဒေသကြီး၏ ငါး၊ ပုစွန်လုပ်ငန်း

စာမျက်နှာ-၁၄ ➤

## အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေ ဖြည့်တင်းရေး

စာမျက်နှာ-၂၇ ➤



# EMIN

Testing & Measuring Everything

## စမ်းသပ်တိုင်းတာရေးလုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝသော

## Testing & Measuring Instruments များ

FLUKE KYORITSU Mitutoyo UNI-T INSIZE EXTECH HIOKI HANNA instruments

sanwa proceq TOHNICHI HORIBA SH SCIENTIFIC KERN



- လျှပ်စစ်တိုင်းတာရေး ကိရိယာများ
- စက်ပစ္စည်းတိုင်းတာရေး ကိရိယာများ
- သဘာဝပတ်ဝန်းကျင် တိုင်းတာရေး ကိရိယာများ
- ဓာတ်ခွဲခန်းသုံး တိုင်းတာရေး ကိရိယာများ
- ဆောက်လုပ်ရေးသုံး တိုင်းတာရေး ကိရိယာများ
- ရေစမ်းသပ်တိုင်းတာရေး ကိရိယာများ



VIETNAM UNION OF SCIENCE AND TECHNOLOGY ASSOCIATIONS
ACCREDITATION OFFICE FOR STANDARDS CONFORMITY ASSESSMENT CAPACITY

ACCREDITATION CERTIFICATE

VERIFICATION & CALIBRATION CENTER
EMIN VIETNAM JOINT STOCK COMPANY
Address: Level 3, Bắc Việt building, 11 Hoang Cau Moi, Trung Liet ward, Dong Da district, Hanoi city, Vietnam
has been assessed and found conforming with the requirements of standard

ISO/IEC 17025:2017

Fields of Accreditation: Metrology - Calibration
Accreditation No.: VLAC-1.0355

DIRECTOR

Assoc. Prof. NGUYEN THI KHANH TRAM

Vietnam နိုင်ငံ သိပ္ပံ နှင့် နည်းပညာ အဖွဲ့အစည်းမှ Calibration Center အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိထားပါသည် ။

**အစရှိသောပစ္စည်းအမျိုးမျိုးကို Emin Myanmar တွင် ဝယ်ယူရရှိနိုင်ပါသည် ။**

SCAN HERE

## Emin Myanmar

09-266 993 007

www.emin.com.mm

အမှတ် (၅၁၁/B)၊ ဝေဇယန္တာလမ်း၊ (၄) ရပ်ကွက် ၊ ပါရမီ မီးပွိုင့်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



# ဈေးကွက်အတွင်း တရားဝင်ဖြန့်ဖြူးရောင်းချနေသော အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ဈေးကွက်အတွင်း တရားဝင် ဖြန့်ဖြူးရောင်းချနေသော အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရန်ကုန်ရုံးရှိ ပဉ္စမထပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်နှင့်တကွ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအလှကုန်အသင်းမှ တာဝန်ရှိသူများ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၁၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနား စတင်ချိန်တွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိတ်ဆက်နှင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အဖွင့်စကား ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အလှကုန်အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နီနီအောင်က အသင်း၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းဝန်က ဆွေးနွေးပြောကြားခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ဌာနမိတ်ဆက်နှင့် MSME လုပ်ငန်းများ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိုက်စိုးက လိုင်စင်ဆိုင်ရာ သိကောင်းစရာများနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ သိကောင်းစရာများနှင့် အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခဲ့ကြပြီး စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကာ အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**မြသူ**
**DOCA (ရန်ကုန်)**



# ပုသိမ်စက်မှုဇုန်မှ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ရောင်းချလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး လယ်ယာကဏ္ဍအတွက် သုံးစွဲရန်လိုအပ်သော စက်ကိရိယာများကို ပြည်ပမှ မှာယူတင်သွင်းခြင်းထက် ပြည်ပအသုံးစရိတ်လျှော့ချရေးအတွက် ပြည်တွင်းထွက်ကုန်များကို အစားထိုးသုံးစွဲရန် ပုသိမ်မြို့ စက်မှုဇုန်မှ လယ်ယာသုံး စက်ကိရိယာထုတ်လုပ်၍ ဒေသအာဏာပိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စက်မှုဇုန်လုပ်ငန်းရှင်များပေါင်းစပ်၍ တိုင်းအတွင်းရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းစက်မှုဇုန်များမှ ပြုလုပ်သော လယ်ယာသုံး စက်ကိရိယာများမှာ မျိုးစေ့ချကိရိယာ Drum Seeder၊ ရေတင်ပိုက်၊ ရေတင်စက်၊ စပါးခြွေလှေ့စက်၊ အင်ဂျင်ပါလက်စွဲကောက်စိုက်စက် စသည်တို့ကို ထုတ်လုပ်ရောင်းချလျက်ရှိသည်။

မျိုးစေ့ချကိရိယာ Drum Seeder သည် လူဖြင့်ဆွဲပြီး မျိုးစေ့များကို အတန်းလိုက် ညီညာစွာ ချထားပေးသောကိရိယာဖြစ်၍ ရွှံ့ထဲတွင် လိမ့်သွားနိုင်ပြီး အချင်း ၂၄ လက်မခွဲခန့်ရှိသော Fiber glass ဖြင့် ပြုလုပ်ထားသောကြောင့် ပေါ့ပါးခိုင်ခံ့ပြီး ကြာရှည်ခံသည့်အပြင် ပြုပြင်ထိန်းသိမ်းရ လွယ်ကူ၍ အပိုပစ္စည်းဝယ်ယူရာတွင်လည်း လွယ်ကူကြောင်း၊ မျိုးစေ့ချကိရိယာအသုံးပြုရာတွင် လူတစ်ဦးသာ လိုအပ်သည့်အတွက် လုပ်သားလိုအပ်ချက်ကို လျော့နည်းစေပြီး ဗီယက်နမ်နိုင်ငံ၏ စနစ်ဖြစ်သော လွယ်ကူရိုးရှင်သည့် တိုက်ရိုက်မျိုးစေ့ချစနစ်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းဦး (ပသ)**

Commerce

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်
နီနီကျော်
နေဆန်း

**စာတည်းမှူးချုပ်**
ကျော်ဝင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရဲမင်းသာ (မကွေး)
သဇင် (မအူပင်)
ကျော်နိုင် (မြိတ်)
မောင်မောင်မြတ်ခိုင် (ဖျာပုံ)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
မြင့်မြင့်သန်း(ပခုက္ကူ)
သင်းသင်းအေး (မုံရွာ)
မျိုးဝင်းသန့် (မုံရွာ)
ခင်ကြည် (မွန်)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးမင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃


**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com


Brighter Energy
Company Limited
Brighter Energy
TK-103
GASOLINE
CAPACITY 4.43 Million Gallons
H:18.72M / D:39.16M
A PORTAL TO ENERGY SECURITY
INFO@BRIGHTERENERGYMM.COM


GEARWELL
WHAT WE DO
Construction and Installation
Raw Materials
Industrial Equipment
Mechanical Spare Parts
Automation Spare Parts
Lubricants
အမှတ်(၂၁၁)၊မင်းရဲကျော်စွာ(၄) လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09421122085, 09441004489, 09250809060




A1 ပဒေသာ စက်ရုံ - 09 517 2699/ 09 799 536 470

အမှတ်(၆၂) ဒုံအရှေ့စက်မှုဇုန် ဂရုဏာလမ်း (နှင့်) တိုင်းတာမင်းကြီးလမ်း (ထောင့်ကွက်) (ရွာသာကြီးသားသတ်ရုံ) အနီး (ကားကြီးလိုင်စင်ရုံး) ရှိမရိပ်သာလမ်းက ဝင်ပါလမ်းခွဲဆုံ လေးဆုံ ရောက်ညာချိုး



THIT SAR WADDY

*Your best grains...*

**Thit Sar Waddy Co.,Ltd is a widely diversified leading company in Myanmar.**

We are one of the prominent and fast growing companies,focusing on international export import,manufacturing and distribution of products for Agricultural ,Aquaculture and Livestock sector.

MA KYII TAN STREET, NO.277/278,
(6) QUARTER/ KHAYAN, YANGON REGION, MYANMAR

Email Adress : yehtwe.kyn@gmail.com
Ph : 09 777 444 707

# ရွှေဘိုခရိုင်ရှိ ဆန်စီးထွက်မှု အခြေအနေနှင့် စပါး၊ ဆန်ဈေးနှုန်း

ရွှေဘိုခရိုင်အတွင်းတွင် ဩဂုတ်လ စတုတ္ထပတ်တွင် စပါး/ ဆန်ဈေးနှုန်းများ တည်ငြိမ်နေသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဩဂုတ်လ ဒုတိယပတ်တွင် ရန်ကုန်သို့ အိတ် ၇၀၅၆၃၊ မန္တလေးသို့ ၄၂၆၉၉၊ နေပြည်တော်သို့ အိတ် ၁၀၃၀၊ ပဲခူးတိုင်းဒေသကြီးသို့ ၆၇၂၅ အိတ်၊ မကွေးတိုင်း ဒေသကြီးသို့ ၃၄၅ အိတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ် ၁၄၄၄၀၊ ကချင်ပြည်နယ်သို့ အိတ် ၂၄၁၀၊ မွန်ပြည်နယ်သို့ ၆၄၅၅၊ ကရင်ပြည်နယ်သို့ အိတ် ၁၅၀၀၊ မူဆယ်သို့ အိတ် ၄၆၀၊ ဧရာဝတီသို့ ၁၂၅ အိတ်၊ စုစုပေါင်း အိတ်ရေ ၁၄၆၇၅၂၊ တန်အားဖြင့် ၇၃၃၈ တန် စီးထွက်ခဲ့သည်။

ယခု ဩဂုတ်လ တတိယပတ်တွင် ရန်ကုန်သို့ ၇၁၀၅၉ အိတ်၊ မန္တလေးသို့ ၄၅၀၉၃ အိတ်၊ နေပြည်တော်သို့ ၁၃၅၅ အိတ်၊ပဲခူးတိုင်းဒေသကြီးသို့ အိတ် ၈၆၇၀၊ မကွေးတိုင်းဒေသကြီးသို့ ၁၅၇၉ အိတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ၂၁၀၆၄ အိတ်၊ ကချင်ပြည်နယ်သို့ ၄၂၅ အိတ်၊ မွန်ပြည်နယ်သို့ အိတ် ၆၁၂၀၊ ကရင်ပြည်နယ်သို့ အိတ် ၃၀၆၀၊ မူဆယ်သို့ အိတ် ၁၈၀၊ ဧရာဝတီတိုင်းဒေသကြီးသို့ အိတ် ၄၂၀၊ စုစုပေါင်း အိတ်ရေ ၁၅၉၀၂၅ တန်အားဖြင့် ၇၉၅၁ တန် စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်အတွင်း အိတ်ရေ ၁၂၂၇၃၊ တန်အားဖြင့် ၆၁၄ တန် ပို၍စီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ ဩဂုတ်လ စတုတ္ထပတ်တွင် ဖြစ်ပေါ်ခဲ့သော စပါး/ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ ဧရာမင်းစပါး တင်း ၁၀၀လျှင် ကျပ် ၂၈၀၀၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ၇၄၇ စပါး တင်း ၁၀၀ လျှင် ကျပ် ၁၄၀၀၀၀၀၊ 747 ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ ရွှေဝါထွန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၄၀၀၀၀၀၊ ရွှေဝါထွန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**အေးသီဂီစိုး(ရွှေဘို)**



# မအူပင်မြို့နယ်တွင် လှေထိုးစပါး ဈေးကွက်ရလျက်ရှိ

မအူပင်မြို့နယ် မအူပင်-ဖျာပုံကားလမ်းဘေး၊ ကျုံစုတ်ကျေးရွာ ကုန်းလမ်းနှင့် ရေလမ်းဆုံရာတွင် မိုးစပါးထွက် လှေထိုးစပါးများ ဈေးကွက်ရနေပြီး ရောင်းဝယ်မှု ကောင်းနေကြောင်း သိရသည်။

လှေထိုးစပါးဆိုသည်မှာ လယ်မြေ ရေနက်ကွင်း ရေဖွေးဖွေးတွင် စိုက်ပျိုးရသောစပါးဖြစ်သည်။ ယခင်က ရေနက်ကွင်းတွင်း စပါးများ စိုက်ပျိုးမရရှိသဖြင့် ရေနက်ကွင်းစပါးစိုက်ပျိုးသူ ရှားပါးလှသည်။ ယခုအခါ စိုက်ပျိုးမှု နည်းစနစ်များကို သက်ဆိုင်ရာဌာနများမှ နည်းပညာပေး စိုက်ပျိုးလာခြင်းကြောင့် ရေနက်ကွင်းစပါးစိုက်ပျိုးမှု အောင်မြင်လာသည်။ ရေနက်ကွင်းတွင် စိုက်ပျိုးသော စပါးကို လှေဖြင့် ရိတ်သိမ်းရပြီး ခြွေလှေ့ရခြင်းဖြစ်သည်။

မအူပင်၊ ကျိုက်လတ်တို့ရှိ ကျေးရွာ အစပ်များတွင် မေလဆန်း၌ စပါးများ စတင်စိုက်ပျိုးပြီး မိုးရွာလာသောအခါ စပါးပင်များ သန်မာကြီးထွားလာ၍ ရေပြင်ဖွေးဖွေးပေါ်တွင် စိမ်းစိုနေသော စပါးခင်းကြီးများ ဖြစ်လာသည်။

၎င်းလှေထိုးစပါးများသည် နှစ်တစ်နှစ်၏ ဩဂုတ်လ လယ်မှစ၍ စပါးစတင်ထွက်ရှိပြီး လှေဖြင့်စပါးများ ရိတ်သိမ်းရခြင်းဖြစ်သည်။ စပါးပေါ်စအချိန်တွင် ကျုံစုတ် ကျေးရွာထိပ်တွင် နေ့စဉ် လှေထိုးစပါး တင်း ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေပြီး ဩဂုတ်လကုန်ခန့်တွင် စပါးလှိုင်လှိုင်ပေါ်ပြီး တစ်ရက်လျှင် တင်း ၅၀၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

လှေထိုးစပါးအဖြစ် စိုက်ပျိုးသော စပါးများမှာ ဧည့်မထစပါးအုပ်စု ဆာဖိုးသာ၊ 219, GE-11, စပါးများဖြစ်ကြောင်းနှင့် စပါးစိုက်ပျိုးသော ကျေးရွာအုပ်စုများမှာ ကျိုက်လတ်မြို့နယ်မှ ကျီးချောင်း၊ သပြေကုန်း၊ ကွမ်းခြံကုန်း၊ တမာချိုင့်၊ လက်ပံချောင်း၊ သာယာဝဲ၊ ဖောင်ရိုးဆိပ်၊ လှည်းဆိပ်ဒေသများဖြစ်ပြီး မအူပင်မြို့နယ်မှ မင်းဘော၊ ကျုံစုတ်၊ တာဌေ့အရှေ့၊ တာဌေ့အနောက်၊ ကျီးချောင်း၊ အချော၊ ပိန်းချောင်း၊ ကနူး၊ ကညင်ဝဒေသများဖြစ်ကြသည်။

စပါးရောင်းဝယ်မှုနှင့်ပတ်သက်၍ အခြားစပါးများမပေါ်ခင် အစောဆုံးထွက်ရှိသော လှေထိုးစပါး တင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်းခန့်အကြားတွင် အရောင်းအဝယ်ဖြစ်နေပြီး ကျိုက်လတ်မြို့ဆန်စက်သို့ ပေးပို့အရောင်းအဝယ် ပြုလုပ်ကြောင်း သိရသည်။

ထို့ပြင် မအူပင်မြို့ရှိ ဆန်စက်များသို့လည်း ပေးပို့လျက်ရှိပြီး လှေထိုးစပါးများကို အခြောက်ခံစက်များသို့ ပေးပို့၍ အခြောက်ခံလျှင် စပါး တင်း၁၀၀ လျှင် ကျပ် တစ်သိန်းပေးရပြီး စပါးအလျော့အနေဖြင့် တင်း ၂၀ ခန့်ရှိကြောင်းလည်း သိရသည်။

**သဇင်(မအူပင်)**



# ပခုက္ကူခရိုင်အတွင်းရှိ ကြက်သွန်နီ ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပေါက်၊ ဆိပ်ဖြူ၊ ကံမ၊ ရေပြာတို့မှ ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပခုက္ကူ ကြက်သွန်နီကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ်အတွင်းရှိ ကျွန်းနယ်များသာမက ရေနံချောင်း၊ မန္တလေး၊ ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများမှလည်း လာရောက် ရောင်းဝယ်ကြသည်။ ပခုက္ကူကြက်သွန်နီ ဈေးကွက်တွင် ဈေးနှုန်း အနည်းငယ်တက်လျက်ရှိပြီး တစ်ရက်လျှင် ပျမ်းမျှကုန်ချိန် ၃၅၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ကြောင်း သိရှိရသည်။

ဩဂုတ်လ စတုတ္ထပတ်တွင် ကြက်သွန်နီ ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၂၅၀၊ အလတ် ကျပ် ၁၀၀၀၊ အနိမ့်စ ကျပ် ၈၀၀ ဖြစ်ပြီး ယခင်ဇူလိုင်စတုတ္ထပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်ဈေးကျနေ၍ အရောင်းအဝယ်ဖြစ်ကြောင်း၊ တင်ပို့မှုအနေဖြင့် ရန်ကုန်၊ ဟင်္သာတနှင့် မြဝတီမြို့များသို့ နေစဉ် တင်ပို့နေပြီး ပိဿာချိန် ၃၀ ဝင်အိတ် ၁၀၀၀ မှ ၂၀၀၀ ထိ တင်ပို့နေကြောင်း သိရသည်။

ပခုက္ကူမြို့မစည်ပင်ဈေးနှင့် အမှတ်(၂)ဈေးတွင် ရောင်းချနေသော ကြက်သွန်နီ လက်လီဈေးမှာ တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၁၈၀၀မှအနိမ့်ဈေးကျပ် ၁၂၀၀ နှင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**


# ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပဈေးကွက် ဝယ်လိုအားရှိသော ပေါင်းဆန်များ ကြိတ်ခွဲထုတ်လုပ် ရောင်းချလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံအတွက် အားထားရသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မိုးစပါးစိုက်ဧက ၃၇ သိန်းကျော်နှင့် နွေစပါးစိုက်ဧက ၁၅ သိန်းကျော် စုစုပေါင်းစိုက်ဧက ၅၂ သိန်းကျော် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဒေသတွင်း စားသုံးမှုဖူလုံရုံသာမက ပိုလျှံသည့် ဆန်၊ ဆန်ထွက်ပစ္စည်းများကို ပြည်တွင်းဈေးကွက်နှင့် ပြည်ပသို့ တင်ပို့ ရောင်းချလျက်ရှိသလို ဈေးနှုန်းပိုမိုရရှိသည့် ပေါင်းဆန်များကိုလည်း တိုင်းအတွင်းရှိ ပေါင်းဆန် စက်ရုံ ၁၃ စက်မှ ကြိတ်ခွဲထုတ်လုပ်၍ ရန်ကုန်မှတစ်ဆင့်အိန္ဒိယနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ အဓိက တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပဈေးကွက်ဈေးနှုန်း ပိုမိုရရှိသည့်အတွက် ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်နိုင်မှု ပမာဏမှာ တစ်နှစ်လျှင် ခန့်မှန်း ၃၅၄၄၆၀ တန် ထုတ်လုပ်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဧပြီလမှ ဩဂုတ်လအထိ ပေါင်းဆန်တန် ၂၁၅၁၉ တန်နှင့် အိတ်ရေ ၄၃၀၃၈၀ တင်ပို့ ရောင်းချခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပသ)**





# ပခုက္ကူ ပဲမျိုးစုံဈေးကွက်

## ကျွန်းစားတော်ပဲ

ပခုက္ကူမြို့ ပဲဈေးကွက်တွင် ပြည်တွင်းစားသုံးမှု မြင့်မားလျက်ရှိသော စားတော်ပဲများ တက်ဈေးဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။ ဈေးကွက်သို့ ကျွန်းစားတော်ပဲ စိုက်ပျိုးမှုများသော ပခုက္ကူ၊ မြစ်ခြေ၊ ကံမ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ လောင်းရှည်ဒေသများနှင့် ပေါက်၊ ဆိပ်ဖြူမြို့မှ ထွက်ရှိသော စားတော်ပဲများ ပွဲရုံများသို့ နေ့စဉ် ဝင်ရောက်ကြောင်း၊ ပြည်တွင်းစားသုံးမှုများ၍ စားတော်ပဲဈေး တရိပ်ရိပ် မြင့်လာကြောင်း သိရသည်။

ကျွန်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၁၈၅၀၀၀-၁၆၅၀၀၀၊ ယောစားတော်ပဲ တစ်တင်းလျှင် ကျပ် ၁၃၅၀၀၀-၁၂၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး တစ်လအတွင်း စားတော်ပဲ တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ခန့် ဈေးတက်လာကြောင်း သိရသည်။ တောင်သူများတွင် ပဲလက်ကျန်နည်းပြီး ကုန်သည်များမှ ဝယ်ယူသိုလှောင်ထားရှိသော ပဲများအရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ဝယ်လိုအားကောင်း၍ ပြည်တွင်းစားတော်ပဲဈေးကွက် စံချိန်တင် အမြင့်ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

## ကုလားပဲ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့သည် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုအချိန်တွင် တောင်သူများတွင် သီးနှံလက်ကျန် နည်းချိန်ရောက်ရှိပြီး ကုန်သည်ကြီးများမှ ဝယ် ယူသိုလှောင်ထားရှိသော ကုလားပဲများကို ရောင်းချဖြန့်ဖြူးလျက်ရှိကြောင်း သိရှိရသည်။

ဩဂုတ်စတုတ္ထပတ်တွင် ကုလားပဲမျိုးစုံ ဈေးနှုန်းအနေဖြင့် V2 တစ်တင်းလျှင် ကျပ် ၈၉၀၀၀-၈၈၅၀၀၊ ကုလားပဲ(V6) တစ်တင်းလျှင် ကျပ် ၉၀၀၀၀-၈၈၀၀၀၊ ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၈၇၀၀၀၊ ကုလားပဲ(929) တစ်တင်းလျှင် ကျပ် ၈၈၀၀၀ အရောင်း အဝယ်ဖြစ်ခဲ့ပြီး ပွဲရုံဈေးကွက်တွင် နေ့စဉ် ပိဿာ ၂၀ ဝင် အိတ် ၁၅၀၀ မှ ၁၇၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပခုက္ကူ ပွဲရုံဈေးကွက်သို့ ဝင်ရောက်သည့် ကုလားပဲများကို တန်ဖိုးမြှင့် ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်လျက်ရှိသော မြို့ပေါ်ရှိ ပဲခွဲစက် လုပ်ငန်းရှင်များ၊ ပဲကြော်/ပဲမုန့် (အစိမ်း/အကျက်)ထုတ်လုပ်သော လုပ်ငန်းရှင်များမှ ဝယ်ယူမှုများကြောင်း၊ ကုလားပဲခြမ်းများလည်း တစ်ပြည်လျှင် ကျပ် ၇၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ဒေသတွင်း ဝယ်ယူသုံးစွဲမှုအပြင် ရန်ကုန်၊ မန္တလေး ဈေးကွက်သို့ အများဆုံး တင်ပို့ကြောင်း၊ ကုလားပဲသီးနှံသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ပြည်တွင်းစားသုံးမှုများ၍ ယခုအချိန်တွင် ရောင်းလိုအားဝယ်လိုအားကောင်းပြီး အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရသည်။

## မြေပဲ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် ဆီထွက်သီးနှံမျိုးစုံ အဓိကထား စိုက်ပျိုးလျက်ရှိပြီး ပခုက္ကူမြို့ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ မျိုးစုံရောင်းဝယ်ရေး ဈေးကွက်သို့ ဆီထွက်သီးနှံ မြေပဲများ

**မြင့်မြင့်သန်း (ပခုက္ကူ)**

နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုဩဂုတ်လ စတုတ္ထပတ်တွင် မြေပဲဈေးအနည်းငယ် ပြန်လည်မြင့်တက် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုအချိန်တွင် မြေပဲ(အသစ်)များ ပခုက္ကူဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိရာ မြို့ပေါ်ရှိ လုပ်ငန်းရှင်များမှလည်း မြေပဲဆီသန့်ထုတ်လုပ်ရန် ကုန်ကြမ်း မြေပဲတောင့်များကို စတင် သိုလှောင်ထားရှိကြောင်း၊ ပြည်တွင်းဖြစ် မြေပဲဆီသန့် စားသုံးမှု မြင့်မားလျက်ရှိ၍ ဈေးကွက်သို့ ဝင်ရောက်လာသော မြေပဲအတောင့်နှင့် အဆန်များကို မြို့ပေါ်ရှိ လှောင်လက်သမားများ၊ ဆီစက်လုပ်ငန်းရှင်များ မှ အဝယ်လိုက်ကြောင်း သိရသည်။ အရည်အသွေးနှင့် ဝယ်လိုအားပေါ် မူတည်၍ ဈေးကွာခြားမှုရှိကြောင်းသိရသည်။

ဩဂုတ်လ စတုတ္ထပတ်တွင် မြေပဲအတောင့် (အခြောက်) တစ်ပိဿာလျှင် ကျပ်၄၅၀၀-၄၀၀၀-၂၅၀၀၊ မြေပဲတောင့် (အစို) တစ်ပိဿာလျှင် ကျပ် ၃၀၀၀-၂၉၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၈၀၀၀-၇၈၀၀-၇၇၀၀၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၇၈၀၀-၇၆၀၀-၇၅၀၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၇၀၀၀-၆၀၀၀-၅၉၀၀၊ ဆုံမြေပဲ ဖတ်(အခွေ) တစ်ပိဿာလျှင် ကျပ် ၄၂၀၀-၄၁၅၀၊ စက်ပဲဖတ် တစ်ပိဿာလျှင် ကျပ် ၄၃၀၀-၄၃၅၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။ ဒေသတွင်းဈေးကွက်၌ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၈၅၀၀-၁၈၀၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းနှင့် ပခုက္ကူ မြေပဲဈေးကွက် အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရသည်။

## မတ်ပဲ

မတ်ပဲဈေးနှုန်းမှာ ဩဂုတ်လ စတုတ္ထပတ်တွင် ဈေးတက်လာကြောင်း သိရသည်။ မတ်ပဲတစ်တင်းလျှင် သီးနှံ အရည်အသွေးလိုက်၍ ကျပ် ၈၉၀၀၀ မှ ၈၈၀၀၀ ဈေးရှိပြီး ယခင် ဩဂုတ်လတတိယပတ်တွင် ကျပ် ၈၆၀၀၀-၈၅၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်ပတ်အတွင်း မတ်ပဲ တစ်တင်းလျှင် ကျပ် ၃၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရ သည်။ မတ်ပဲသီးနှံသည် ပြည်တွင်းစားသုံးမှု နည်းသော်လည်း ပြည်ပနိုင်ငံများမှ ဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိကြောင်း၊ ပြည်ပဈေးကွက်အပေါ် မူတည်၍ ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း ပဲဈေးကွက်မှ သိရှိရသည်။

## ပဲကြီး

မေလအစောပိုင်းတွင် ပဲကြီးတစ်တင်းလျှင် ကျပ် ၉၅၀၀၀-၈၇၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဩဂုတ်လ စတုတ္ထပတ်တွင် ပဲကြီးတစ်တင်းလျှင် ကျပ် ၁၂၅၀၀၀-၁၂၀၀၀၀ ဖြစ်ခဲ့သည်။ ယခုအချိန်တွင် ဒေသတွင်း ပဲလက်ကျန်နည်း၍ ဈေးကွက် ဝယ်လိုအား များလျက်ရှိခြင်းကြောင့် ပဲကြီးဈေးနှုန်း တရိပ်ရိပ် မြင့်တက်လာကြောင်း ပခုက္ကူမြို့ပေါ်ရှိ ပဲရောင်းဝယ်ရေး လုပ်ငန်းရှင်ထံမှ သိရသည်။


## နှမ်းမျိုးစုံ

ဆီထွက်သီးနှံမျိုးစုံ ရောင်းဝယ်ရေး ဈေးကွက်တွင် ဩဂုတ်လဆန်းမှစ၍ နှမ်းမျိုးစုံ ဈေးကျဆင်းလာကြောင်း ပခုက္ကူဈေးကွက်မှ သိရသည်။ ဈေးနှုန်းအနေဖြင့် ဩဂုတ်လစတုတ္ထပတ်တွင် နှမ်းနက် (စမုန်) တစ်တင်းလျှင် ကျပ် ၂၄၀၀၀၀-၂၃၀၀၀၀-၂၂၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၉၅၀၀၀-၉၃၀၀၀၊ နှမ်းညို တစ်တင်းလျှင် ကျပ် ၉၂၀၀၀-၉၁၅၀၀၊ နှမ်းဝါတစ်တင်းလျှင် ကျပ် ၉၃၀၀၀ အရောင်းအဝယ်ဖြစ်ပြီး ဩဂုတ်လတတိယပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ခန့်၊ ကျန်နှမ်း အမျိုးအစားများမှာ တစ်တင်းလျှင် ကျပ် ၂၀၀၀ ခန့် ဈေးကျပြီး အရောင်းအဝယ် ဖြစ်ကြောင်း သိရသည်။

ဈေးကွက်သို့ ရေစကြိုဒေသထွက် နှမ်း(ဖြူ)များ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း၊ ပခုက္ကူပွဲရုံဈေးကွက်သို့ ရောက်ရှိသည့် နှမ်းများကို မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ နှမ်းလှော်လုပ်ငန်းရှင်များနှင့် အခြားစားသောက်ကုန်လုပ်ငန်းရှင်များမှ ဝယ်ယူမှု များကြောင်း၊ ရန်ကုန်၊ မန္တလေးဈေးကွက်သို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

## ပဲစင်းငုံ

ဖေဖော်ဝါရီလတွင် ပဲစင်းငုံနီ တစ်တင်းလျှင် အမြင့်ဈေး ကျပ် ၉၃၀၀၀-၉၂၀၀၀၊ မတ်လတွင် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၉၄၅၀၀-၉၃၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဧပြီလတွင် တစ်တင်းလျှင် ကျပ် ၉၃၀၀၀-၉၂၆၀၀ မေလတွင် ကျပ် ၇၈၀၀၀-၇၅၀၀၀၊ ဇွန်ဒုတိယပတ်တွင် ကျပ် ၈၆၀၀၀-၈၅၀၀၀ ဖြင့် ဈေးတက်လာ၍ ဇူလိုင်တတိယပတ်တွင် ကျပ် ၈၈၀၀၀-၈၅၀၀၀ ဩဂုတ် စတုတ္ထပတ်တွင် ကျပ် ၇၈၀၀၀-၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဈေးကွက်သို့ ကုန်ဝင်သလောက် အရောင်းအဝယ် ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်ပဲတစ်မျိုးဖြစ်၍ ဈေးကွက် ဝယ်လိုအားပေါ် မူတည်ပြီး နေ့စဉ်နှင့်အမျှ ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း ဈေးကွက်မှ သိရသည်။



# ပြည်ခရိုင်အတွင်းရှိ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ



မြန်မာနိုင်ငံအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စားသုံးဆီထုတ်လုပ်မှု၊ ဆန်နှင့် ဆန်ကွဲကို အခြေခံသည့် ထုတ်လုပ်မှု၊ ပီလောပီနံကို အခြေခံသည့် ထုတ်လုပ်မှု၊ ရော်ဘာကို အခြေခံသည့် ထုတ်လုပ်မှု၊ ဝါကို အခြေခံသည့် ထုတ်လုပ်မှု၊ ကော်ဖီနှင့် လက်ဖက်ကို အခြေခံသည့် ထုတ်လုပ်မှု၊ သစ်၊ ဝါး၊ ကြိမ်များကို အခြေခံသည့် ထုတ်လုပ်မှု၊ တိရစ္ဆာန် အစားအစာ ထုတ်လုပ်မှု စသည့်လုပ်ငန်းများ စွာရှိကြသည်။

ပြည်ခရိုင်အနေဖြင့် စားသုံးဆီထုတ်လုပ်မှုမှာ ပဲဆီနှင့် နှမ်းဆီကို အဓိကထား၍ ကြိတ်ခွဲထုတ်လုပ်ကြသည်။ ဆီစက်အရေအတွက်မှာ အကြီး၊ အငယ်၊ အလတ် စသည်ဖြင့် ဆီစက်ပေါင်း ၄၃ စက်ရှိသည်။ ထိုစက်များမှ ကုန်ကြမ်းပစ္စည်း ရလျှင်ရသလို ဆီများ ကြိတ်ခွဲလည်ပတ်လျက်ရှိသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်းဖြစ်သော ဖွဲနုကို တန်ဖိုးမြှင့်ထုတ်ကုန် ဖွဲနုဆီများထုတ်လုပ်ရောင်းချလာ နိုင်မည်ဆိုလျှင်လည်း ပြည်တွင်းစားသုံးဆီအဖြစ် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုမည်ဖြစ်သည်။ ဆန်နှင့် ဆန်ကွဲကို အခြေခံ ထုတ်လုပ်သည့် ဆန်မရွှေးလုပ်ငန်း ငါးခုရှိပြီး လိုအပ်သည့် ကုန်ကြမ်းဖြစ်သော ဆန်နှင့်ဆန်ကွဲများအား ဆန်စက်များမှဝယ်ယူပြီး သန့်ရှင်းလတ်ဆတ်စွာ ထုတ်လုပ်၍ ရောင်းချနိုင်ကြောင်း သိရသည်။

သစ်၊ ဝါး၊ ကြိမ်ကို အခြေခံ၍ထုတ်လုပ်သော လုပ်ငန်းများအနေဖြင့် ပြည်ခရိုင် ရွှေတောင်မြို့နယ် ကိုးတွင်းစဉ်ကျေးရွာတွင် ဝါး၊ ကုလားထိုင် ထုတ်လုပ်သည့် လုပ်ငန်းများရှိပြီး ရွှေတောင်မြို့တွင် မြန်မာ့ရိုးရာ ချည်ထည်လုပ်ငန်းများနှင့် စည်းလုံးချည်များ ရက်လုပ်ခြင်းကို စက်ရက်ကန်း၊ လက်ရက်ကန်းများနှင့် ထုတ်လုပ်ရောင်းချကြသည်။

တိရစ္ဆာန်အစားအစာ ထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် ပြည်ခရိုင် ပြည်မြို့ စက်မှုဇုန်တွင် အစာစပ်စက်ရုံနှစ်ရုံရှိပြီး ထိုစက်ရုံများမှလည်း တိရစ္ဆာန်အစားအစာများကို ထုတ်လုပ်ရောင်းချလျက်ရှိသည်။ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းဖြစ်သည့် ဆန်ကွဲ၊ ဖွဲနု၊ ပဲဖတ်နှင့် နှမ်းဖတ်များကိုလည်း ဆန်စက်များနှင့် ဆီစက်များမှလည်း ဝယ်ယူကြိတ်ခွဲ ထုတ်လုပ်ကြသည်။ ပြည်ခရိုင်အနေဖြင့် လယ်ယာ/ကိုင်းကျွန်းများမှ ထွက်ရှိသော ပဲကြီး၊ ကုလားပဲနှင့် မြေပဲတို့ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပဲကြော်လုပ်ငန်း၊ ကုလားပဲကြော်လုပ်ငန်း၊ ကုလားပဲခွဲစက်လုပ်ငန်း၊ မြေပဲလှော်လုပ်ငန်းတို့ဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ထို့အပြင် သား၊ ငါး ထွက်ကုန်များကိုလည်း ဆီသွတ်ဘူးများ ထုတ်လုပ်၍ ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့် ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများအားလည်း လူအများသိရှိစေရန်အတွက် ကုန်စည်ပြပွဲများ၊ ပြိုင်ပွဲများပြုလုပ်၍ ဆုများချီးမြှင့်ပေးခြင်း၊ နည်းပညာများ ဖြန့်ဝေပေးခြင်း၊ ငွေကြေးဆိုင်ရာများအား အထောက်အပံ့ပေးခြင်းများ ပြုလုပ်ခြင်းများအပြင် ဈေးရောင်းပွဲတော်များ၊ ပြပွဲနှင့်ပြိုင်ပွဲများကိုလည်း နိုင်ငံ၏အထိမ်းအမှတ်နေ့များတွင် ကျင်းပပြုလုပ်ကြသည်။ ထိုသို့ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိMSME လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်စေရန်၊ ထုတ်ကုန်ပစ္စည်းများသည် ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခုအစီအမံများ အောင်မြင်စေရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME လုပ်ငန်းများ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့် ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန် အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက် ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်တို့ဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်လုပ်ထားသော ကုန်စည်များကို ပြည်တွင်းစားသုံးမှုသာမက ပြည်ပနိုင်ငံများသို့လည်း ဈေးကွက်ထိုးဖောက်နိုင်လျှင် ပြည်ပဝင်ငွေများ ရရှိလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ဝေဝေမင်း (ပြည်)**

## ၂၅.၈.၂၀၂၅ ရက်နေ့မှ ၃၁.၈.၂၀၂၅ ရက်နေ့အထိ စားအုန်းဆီတစ်ပိဿာအရင်းဈေးတွက်ချက်မှု

| | | | |
|---|---|---|---|
| Quantity (MT) | 1000 | | |
| CIF Price (USD/MT) | 1130 | | |
| ငွေလဲနှုန်း | 3100 | 2106 ၏ 35 %+ 3635 ၏ 65 % | |
| Customs ငွေလဲနှုန်း | 2100 | | |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,378,750 | 7.15 |
| ၃ | စားအုန်းဆီအလှူ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 17,515,000 | 28.60 |
| ၄ | ဆီကန်သို့လှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 118,650,000 | 193.75 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,765,000 | 15.95 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 45 | 27,557,550 | 45.00 |
| ၁၂ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 70 | 42,867,300 | 70.00 |
| ၁၃ | ဘဏ်အတိုးနှုန်း | 1000 MTx CIF x ငွေလဲနှုန်း x 1.333% | 46,694,990 | 76.25 |
| | **အထွေထွေစရိတ်ပေါင်း** | | **281,659,990** | **459.94** |
| ၁၄ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,503,000,000** | **5,720.21** |
| | **စရိတ်စုစုပေါင်း** | | **3,784,659,990** | **6,180.15** |

## မြန်မာ့ဆိပ်ကမ်းတွင် ၂၇.ဂ.၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | MT.RM-2 | P'Oil(In Bulk) ၅၀၀၀ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | ISEACO FORTUNE | ကုန်သေတ္တာ ၄ဂဂ တင် ဂဝ၉ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO GENESIS | ကုန်သေတ္တာ ဂဂဂ တင် ၁၀၃၂ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | MSC SUPARNA F | ကုန်သေတ္တာ၆၂၆ တင် ၄၃၄ ချဆဲ |
| | SINAR BINTAN | ကုန်သေတ္တာ ဂ၃ဂ တင် ၉၀၃ ချဆဲ |
| | ISEACO WISDOM | ကုန်သေတ္တာ ၉၄၆ တင် ၆ဂဂ ချဆဲ(အသင့်စောင့်ဆိုင်း) |
| အလုံဆိပ်ကမ်းအမှတ်(၁) | NORTH STAR-9 | ပြောင်းဝါတန်ချိန် ၂၀၀ တင်ရန်ရှိ (အလုပ်မလုပ်) |
| အလုံ ဆိပ်ကမ်းအမှတ်(၃) | HAI DUONG-68 | ပြောင်းဝါတန်ချိန် ၁၀၁၀၀ တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | BEYPORE SULTAN | ကုန်သေတ္တာ ၄၄တင် ၇ဂချဆဲ (ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | AS SERENA | ကုန်သေတ္တာ ၅၂၆ တင် ၆၇၇ချဆဲ (ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | TAY SON-2 | ဆန်တန်ချိန် ၁၁၀၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | OCEAN BLOSSOM | ပဲမျိုးစုံတန်ချိန် ၉၀၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | TRANG AN -08 | ပြောင်းဝါတန်ချိန် ၁၅၇၀၀ တင်ရန်ရှိ(အလုပ်မလုပ်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | ISEACO WISDOM | ကုန်သေတ္တာ ၃၅တင် ၃၆၁ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | SITC CHUNMING | ကုန်သေတ္တာဂ၄ဂတင် ၆၀၄ချဆဲ (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | RASHA | Urea တန်ချိန် ၂၁၀၀၀ ချဆဲ |
| WILMAR JETTY | HOANG ANH-01 | Urea တန်ချိန် ၁၆၅၂၀ ချဆဲ |
| International Bulk Terminal Thilawa | JNS DRAGON | ဂျုံတန်ချိန် ၂၇၇၀၄ ချဆဲ(ပူးတွဲလုပ်ဆောင်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| JNS DRAGON | ဂျုံတန်ချိန် ၂၇၇၀၄ ချရန | USA | ၂၉.ဂ.၂၀၂၅ |
| FU XING | Steel တန်ချိန် ဂ၂၀၀ချရန် | CHINA | ၂၇.ဂ.၂၀၂၅ |
| LIVERPOOL STRAIT | ဆန်တန်ချိန် ၂၇၃၇၃ တင်ရန် | SPAIN | ၂၉.ဂ.၂၀၂၅ |
| CHEVAL BLANC | Steel&Equipment တန်ချိန် ၃၃ဂ၄၄ ချရန် | CHINA | ၁.၉.၂၀၂၅ |
| SHANG YUAN MEN | Steelတန်ချိန် ၂ဂ၀၀၀ ချရန် | CHINA | ၄.၉.၂၀၂၅ |
| YM SUMMIT | ဂျုံတန်ချိန် ၂ဂ၀၀၀ ချရန် | AUSTRALIA | ၂.၉.၂၀၂၅ |
| BBC ZARATE | (6)Units & Train Cars 215 စီးချရန် | SPAIN | ၁၆.၉.၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SITC CHUNMING | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၈.ဂ.၂၀၂၅ |
| ISEACO WISDOM | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၈.ဂ.၂၀၂၅ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.ဂ.၂၀၂၅ |
| AS SERENA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.ဂ.၂၀၂၅ |
| SITC HADATA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.ဂ.၂၀၂၅ |
| BLPL BLESSING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.ဂ.၂၀၂၅ |
| FSL SINGAPORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.ဂ.၂၀၂၅ |
| TC MESSENGER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.ဂ.၂၀၂၅ |
| FSL KELAND | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.ဂ.၂၀၂၅ |

## ၁-၈-၂၀၂၅ မှ ၂၈-၈-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 2314 | 26 | - | - | - | 2341 |
| | Form AANZ | 28 | - | - | - | - | 28 |
| | Form AHK | 0 | - | - | - | - | 0 |
| | Form AI | 712 | 93 | - | - | 2 | 807 |
| | Form AJ | 89 | 1 | - | - | - | 90 |
| | Form AK | 585 | 16 | - | - | - | 601 |
| | Form CHINA | 197 | - | - | - | - | 197 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 28 | 1 | - | - | - | 29 |
| | Form E | 1400 | 28 | - | - | - | 1428 |
| | Form Korea | 74 | - | - | - | - | 74 |
| | E Form D | 520 | - | - | - | - | 520 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 5947 | 165 | - | - | 3 | 6115 |



# ပြည်ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း

**ပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံ ရောင်းဝယ်လျက်ရှိပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ ဗိုလ်ကိတ်၊ စားတော်ပဲ(ကျွန်း)သီးနှံများ ရောင်းဝယ်လျက်ရှိသည်။**

**မတ်ပဲ**

ဩဂုတ်လ ပထမပတ်တွင်မတ်ပဲတစ်တင်းဈေးမှာ ကျပ် ၉၆၅၀၀ -၉၆၈၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၂၀၀ - ၃၀၀ ခန့် ရန်ကုန်အဝယ်ရှိပြီး ဩဂုတ်လ စတုတ္ထပတ်တွင် မတ်ပဲ တစ်တင်း ကျပ် ၉၅၅၀၀ - ၉၅၇၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၃၀၀ ခန့် ရန်ကုန်အဝယ်ရှိ၍ ဈေးအနည်းငယ် ကျလာသည်။

**ပဲတီစိမ်း**

ဩဂုတ်လ ပထမပတ်တွင် ပန်းတောင်း၊ကံမ၊ မင်းတုန်းဘက်ရှိ ပဲတီစိမ်းသစ်များ စတင် ဝင်ရောက်လာပြီး ပဲတစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး စတုတ္ထပတ်အထိ ဈေးငြိမ်နေ၍ မန္တလေးအဝယ် တစ်ရက်လျှင် အိတ် ၅၀၀ ခန့်ရှိသည်။

**ပဲစင်းငုံ**

ဩဂုတ်လ ပထမပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၈၆၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၁၀၀-၁၅၀ ခန့်ရှိပြီး စတုတ္ထပတ်တွင် ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၈၂၀၀၀ -၈၃၀၀၀ ဖြင့် ဈေးကျလာ၍ ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၂၀၀ ခန့်ရှိခဲ့သည်။

**ကုလားပဲ**

ဩဂုတ်လ ပထမပတ်တွင် ကုလားပဲ (HL)တစ်တင်းလျှင် ကျပ် ၉၀၀၀၀-၈၉၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၉၆၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများက တစ်ရက်လျှင် အိတ် ၃၀၀ ခန့် အဝယ်ရှိခဲ့ပြီး စတုတ္ထပတ်အထိ ဈေးငြိမ်နေကြောင်း သိရသည်။

**ပဲကြီး**

ဩဂုတ်လ ပထမပတ်တွင် ပဲကြီး (ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ ပဲကြီး(ကုန်းပဲ) တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားများက တစ်ရက်လျှင် အိတ်၄၀၀ ခန့်အဝယ်ရှိခဲ့ပြီး စတုတ္ထပတ်အထိဈေးငြိမ်နေသည်။

**ဗိုလ်ကိတ်**

ဩဂုတ်လ ပထမပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၁၀၀-၁၅၀ ခန့်ရှိပြီး ဈေးပုံမှန်အတိုင်း ရှိနေသည်။

**စားတော်ပဲ**

ဩဂုတ်လ ပထမပတ်တွင် စားတော်ပဲ (ကျွန်း) တစ်တင်းလျှင် ကျပ် ၁၉၅၀၀၀ -၂၀၀၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၂၅-၅၀ ခန့်ရှိပြီး စတုတ္ထပတ်အထိ ဈေးအေးနေခဲ့သည်။

ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲကြီး သီးနှံများမှာ အရောင်းအဝယ် သွက်လျက်ရှိပြီး ပဲစင်းငုံ၊ ဗိုလ်ကိတ်ပဲများမှာ လက်ကျန်နည်းလျက်ရှိကြောင်း သိရသည်။

**ပဲလွမ်းဖြူ**

ပဲလွမ်းဖြူဈေးမှာ ဩဂုတ်လ နောက်ဆုံးပတ်တွင် တစ်တင်းလျှင် ကျပ် ၈၇၀၀၀ ဖြင့် တစ်နေ့လျှင် ပိဿာ ၂၀ ဝင်အိတ် ၁၅-၂၀ခန့် အရောင်းအဝယ်ဖြစ်ပြီး ဇူလိုင်လထက် ပဲတစ်တင်းလျှင် ကျပ် ၂၀၀၀ ဈေးမြင့်လာခဲ့သည်။

**ထောပတ်ပဲ**

ဩဂုတ်လ နောက်ဆုံးပတ်တွင် ထောပတ်ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၉၀၀၀၀-၉၅၀၀၀ ဖြင့် လက်လီသမားများသာ တစ်နေ့လျှင် အိတ် ၂၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လအတိုင်း ဈေးအပြောင်းအလဲမရှိကြောင်း သိရသည်။

**ပဲနီပြား**

ဩဂုတ်နောက်ဆုံးပတ်တွင် ပဲနီပြားဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၁၅၀၀၀၀-၁၅၅၀၀၀-၁၆၀၀၀၀ ဖြင့် လက်လီ၊ လက်ကား သမားများပါ ဝယ်ယူကြသဖြင့် တစ်နေ့လျှင် အိတ် ၅၀-၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဇူလိုင်လကုန်ဈေးနှင့် နှိုင်းယှဉ်လျှင် တစ်တင်းကို ကျပ် ၁၀၀၀၀ ခန့် ဈေးမြင့်တက်လာခဲ့သည်။

**စားတော်ပဲ**

စားတော်ပဲမှာ ဒေသအတွင်း စားသုံးမှု များသဖြင့် အခြားပဲများ ထက်ဈေးနှုန်းမြင့် တက်လာခဲ့သည်။ ဈေးနှုန်းအနေဖြင့် ဩဂုတ်လ နောက်ဆုံးပတ်တွင် ပဲတစ်တင်းလျှင် ကျပ် ၂၁၅၀၀၀ ဖြင့် လက်လီသမားများမှ တစ်နေ့လျှင် အိတ် ၂၀-၂၅ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်လနှင့် နှိုင်းယှဉ်လျှင် ပဲတစ်တင်း ကျပ် ၁၅၀၀၀-၂၀၀၀၀ ခန့် ဈေးများ မြင့်တက်လာခဲ့သည်။

**ပဲပုပ်**

ပဲပုပ်မှာ ဒေသတွင်းအနည်းငယ်သာ စားသုံးမှုရှိသဖြင့် လက်လီသမားများသာ ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် ၂၀-၃၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဩဂုတ်လ နောက်ဆုံးပတ်တွင် ပဲပုပ်ဈေးမှာ တစ်တင်းလျှင် ကျပ် ၁၁၈၀၀၀ ဖြစ်ပြီး ဇူလိုင်လထက် တစ်တင်းလျှင် ကျပ် ၇၀၀၀ ဈေးများ ကျဆင်းလာခဲ့သည်။

**မြေပဲ**

ဩဂုတ်လတွင် မိုးမြေပဲများ အနည်းငယ် စတင်ထွက်ပေါ်လာနေပြီဖြစ်သည်။ ပြည်ဈေးကွက်သို့ တစ်နေ့လျှင် မြေပဲဆန်အိတ် ၂၀၀၀-၃၀၀၀ ခန့် အဝင်ရှိပြီး ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်နှင့် မန္တလေးဘက်မှ ဝယ်လက်များကလည်း ဝယ်ယူမှုရှိခြင်း၊ ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များကလည်း ဝယ်ယူမှုရှိခြင်းတို့ကြောင့် ပြည်ဒေသရှိ ပွဲရုံနှင့် ဈေးကွက်များတွင် ပုံမှန်ရောင်းဝယ်လျက်ရှိသည်။ မြေပဲဆန် ဈေးနှုန်းများအနေဖြင့် ဩဂုတ်လ နောက် ဆုံးပတ်တွင် ဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ ဆီဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၆၅၀၀ နှင့် လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ လုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၇၃၀၀ဖြင့် တစ်နေ့လျှင် အိတ် ၁၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင် ဇူလိုင်လနှင့် နှိုင်းယှဉ်လျှင် ဈေးအနည်းငယ် ကျဆင်းလာကြောင်း သိရသည်။

**နှမ်း**

ပြည်ခရိုင်တွင် မိုးနှမ်းများ စတင်ထွက်ပေါ်နေပြီဖြစ်သော်လည်း စမုန်နက်နှမ်းဈေးမှာ ကျဆင်းခြင်းမရှိဘဲ ဆက်လက်မြင့်တက်လာခဲ့သည်။ ပြည်ခရိုင်အနေဖြင့် နှမ်းနက်ကိုသာ အများဆုံး စိုက်ပျိုးကြပြီး ထွက်ရှိလာသော နှမ်းများကို နယ်စုံသို့ တင်ပို့ရောင်းချကြသည်။ ယခုနှစ်တွင် မိုးနှမ်းများ ရိတ်သိမ်းချိန်တွင် မိုးကောင်းသဖြင့် နှမ်းခင်းများ ပျက်စီးမှုရှိ၍ နှမ်းအထွက်နှုန်းနည်းသွားပြီး ဝယ်လိုအားများလာ၍ ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်ဟု သိရသည်။ နှမ်းဈေးများ မှာ ဩဂုတ်လ နောက်ဆုံးပတ်တွင် နှမ်းနီတစ်တင်းလျှင် ကျပ် ၁၈၀၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၂၃၀၀၀၀ နှင့် စမုန်နက်နှမ်း တစ်တင်းလျှင် ကျပ် ၂၅၀၀၀၀-၂၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**မိမိအေး (ပြည်) ၊ ဝေဝေမင်း(ပြည်)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၇-၈-၂၀၂၅ မှ ၂-၉-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 335 - 340 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 330 - 340 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 325 - 330 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 310 - 320 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 300 - 310 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 340 - 350 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 330 - 340 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 325 - 330 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 320 - 325 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 335 - 340 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 325 - 330 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 340 - 350 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 335 - 340 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 330 - 335 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 320 - 330 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 340 - 350 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 335 - 340 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 320 - 330 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 480 - 500 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 470 - 480 | |
| 24 | A-1 , 2 (Sortexed) | 285 - 290 | |
| 25 | B-1 , 2 (Sortexed) | 270 - 280 | |
| 26 | B-1,2 (Non-Sortexed) | 260 - 265 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်





# ပြန်လည်ဆန်းသစ်လာသည့် မြန်မာ့ကျောက်သင်ပုန်း

## DOCA(MON)

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း)ရှိ မုဒ္ဒွန်းကျေးရွာသည် လက်မှုလုပ်ငန်းများထွန်းကားသော ကျေးရွာတစ်ရွာဖြစ်သည်။ အိမ်ခြေ ၁၇၀၀ အိမ်ရှိသော မုဒ္ဒွန်းကျေးရွာနေ ရွာသူ၊ ရွာသားများမှာ အများအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။ ၎င်းတို့အနက် အချို့မှာ ကျောက်သင်ပုန်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ရှေးယခင်ကတည်းကပင် ဘုန်းတော်ကြီးပညာသင်ကျောင်းများ၊ 'အ'သုံးလုံးသင်တန်းများ၊ အခြေခံပညာ ကျောင်းများတွင် ကျောက်သင်ပုန်းနှင့် ကျောက်တံကိုသာ အသုံးပြုခဲ့ကြသည်။

### မြန်မာ့ကျောက်သင်ပုန်းသမိုင်းအစ

ကျောက်သင်ပုန်းနှင့် ကျောက်တံများ ဖြစ်ပေါ်လာပုံမှာ ၁၉၄၅ ခုနှစ်တွင် ဦးအောင်သိန်းဆိုသူသည် မုဒ္ဒွန်းကျေးရွာ၊ မုဆိုးမတောင်မှ စီးဆင်းနေသော စမ်းချောင်းရှိ ကျောက်ပြားများကို ကောက်ယူပြီး သံပြားနှင့်ခြစ်ကာ မြန်မာ့ကျောက်သင်ပုန်းကို စတင်ပြုလုပ်ခဲ့သည်။ ထိုအချိန်က စက်မပေါ်သေး၍ လက်ဖြင့်သာ လုပ်ကိုင်ရသည်။ နောက်ပိုင်းတွင် ၎င်းကျောက်မှ ကျောက်သင်ပုန်း ပြုလုပ်နိုင်ကြောင်း သိရှိလာကြသဖြင့် မည်သူမဆို မိမိကြိုက်သည့်နေရာတွင် ကျောက်များကို ခွာယူ၍ စမ်းသပ်ပြုလုပ်ရာမှ ကျောက်သင်ပုန်း ဖြစ်လာခဲ့ကြောင်း သိရှိရသည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ ကျောက်များကို ခွာမရတော့သဖြင့် တွင်းစတင်တူးဖော်ရာမှ ကျောက်တွင်းများ ဖြစ်လာခဲ့သည်။ ရှေးနှစ်ပေါင်းများစွာကတည်းက မွန်တို့၏ လက်မှုပညာတစ်ရပ်အဖြစ် မုဒ္ဒွန်းရွာရှိကျောက်သင်ပုန်းလုပ်ငန်းသည် ကျော်ကြားလာခဲ့သည်။

### ကျောက်သင်ပုန်းထုတ်လုပ်ပုံ

ကျောက်သင်ပုန်းကျောက်များကို မုဆိုးမတောင်အနီးတစ်ဝိုက် တောင်များမှ တူးယူရရှိသည်။ ကျောက်သင်ပုန်း ကျောက်များသည် အစပိုင်းတွင် အပေါ်ယံမှ ခွာယူ၍ရသော်လည်း ထုတ်လုပ်မှုများလာသဖြင့် နောက်ပိုင်းတွင် တွင်းနက်ကြီးတူးပြီး ထုတ်ယူရသည်။ ကျောက်တူးသမားများသည် တောင်ပေါ်ကိုတက်ပြီး တောင်ပေါ်ရှိ ကျောက်တွင်းထဲကို ဆင်းရသည်။ တချို့တွင်းများသည် ပေ ၂၀၀ အထိ နက်သည့်အတွက် အောက်ခြေတွင် ရေများ စိမ့်ဝင်သဖြင့် ထိုရေများကို မော်တာများနှင့် စုပ်တင်ရသည်။ ရေကုန်လျှင် အပေါ်ယံတွင် တင်နေသော နုန်းများကို ခြစ်ထုတ်ပြီး ကျောက်များကို စတူးရသည်။ ကျောက်များကို အတုံးလိုက်အလွှာလိုက် တူးပြီးလျှင် တွင်းအပေါ်သို့ တင်ရသည်။ တွင်းထိပ်ကိုရောက်လျှင် ကျောက်များကို ခွဲရသည်။ အလွှာလိုက် အချပ်လိုက် ခွဲပြီးလျှင် ပုံစံသွင်းရသည်။ အရွယ်အစားအလိုက် ၈ လက်မ၊ ၆ လက်မ၊ ၇ လက်မ စသည်ဖြင့် အကြမ်းဖြတ်၍ အဆိုပါကျောက်အကြမ်းများကို ကျောက်သင်ပုန်းထုတ်လုပ်သူများမှ လာရောက်ဝယ်ယူကြသည်။ ထို့နောက် ကျောက်ကြမ်းများကို ရွှေပေါ်ထိုးခြင်း၊ ကျောက်ညှပ်ကတ်ကြေးနှင့် လေးဘက်လေး တန်ညီအောင် ညှိပေးခြင်း၊ ပြီးလျှင် စက်ဖြင့် ပြန်ချောခြင်းတို့ကို ပြုလုပ်ရသည်။ ထို့နောက် ရေနှင့် ဆေးကြောခြင်း၊ နေပူလှန်း၊ ဆေးသုတ်၊ အခြောက်ခံခြင်း ပြုလုပ်ပြီးလျှင် သစ်သားဘောင် သွင်းရသည်။ သစ်သားဘောင်သွင်းပြီးလျှင် သစ်သားဘောင်များကို ကော်ပတ်ဖြင့် အချောပြန်ကိုင်ရသည်။ အချောကိုင်ပြီးလျှင် လေးဘက်လေးတန် သံရိုက်ပေးရသည်။ ထို့နောက် အရွယ်အစား အလိုက် အရောင်းဆိုင်များသို့ ဖြန့်ဖြူးပေးကြောင်း သိရှိရသည်။

### ကျောက်တံထုတ်လုပ်ပုံအဆင့်ဆင့်

ကျောက်တံကို ကျောက်သင်ပုန်းထုတ်သော ကျောက်မှ ထုတ်ယူရ၏။ သို့သော် ကျောက်တံထုတ်သော ကျောက်ပြားသည် သက်တန်းနု၍ ကျောက်သားပွရသည်။ သို့မှသာ ကျောက်သင်ပုန်းပေါ်တွင် ရေး၍ ကောင်းသည်။ တောင်ပေါ်က ကျောက်ပြားဆိုဒ် အသေးများကို သယ်၍ မညီလျှင် ရွှေပေါ်ထိုးပေးရသည်။ ရွှေပေါ်ထိုးပြီး ရေတစ်ည စိမ်ရသည်။ ပြီးလျှင် ထိပ်နှစ်ဖက်ကို ကော်ပတ်နှင့် ပြန်ချွန်ပေးရသည်။ ယခင်က စက်နှင့်ချွန်၍ ယခုအခါ ကော်ပတ်ဖြင့် ချွန်ကြသည်။ ကော်ပတ်စားပြီးလျှင် ၆ လက်မ၊ ၈ လက်မအရွယ် ဆိုဒ်များဖြတ်ရသည်။ ဆေးပြီး အခြောက်လှန်းကာ အမည်းရောင် ဆေးဆိုးပေးရသည်။

### ဈေးကွက်

မုဒ္ဒွန်းကျေးရွာ ကျောက်သင်ပုန်း၊ ကျောက်တံလုပ်ငန်းကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ဝန်းကျင်က ရိုးရာလက်မှုလုပ်ငန်းအဖြစ် ရွာလုံးကျွတ်နီးပါးလုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် စက္ကူ အစားထိုးလာခြင်း၊ ဗလာစာအုပ်များကို ပေါများစွာ အသုံးပြုလာခြင်းကြောင့် ဈေးကွက်ပျောက်ကွယ်လုနီးဖြစ်လာသဖြင့် မုဒ္ဒွန်းရွာတွင် ကျောက်သင်ပုန်း/ကျောက်တံ ထုတ်လုပ်သူ ခုနစ်ဦးခန့်သာ ကျန်ရှိတော့သည်။ ယခုနှစ်တွင် MSME ဈေးရောင်းပွဲတော်များ၌ ရောင်းအားကောင်းလာကြောင်း မုဒ္ဒွန်းကျေးရွာမှ ကျောက်သင်ပုန်းလုပ်ငန်းရှင်မှ ပြောကြားခဲ့သည်။

"ဒီနှစ်မှာတော့ နေပြည်တော် MSME ထုတ်ကုန်ပြပွဲတွေ၊ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်တွေမှာ အတော်ရောင်းကောင်းတယ်၊ အရင်ကတော့ ကျောင်းသုံး စာရေးကိရိယာတွေအနေနဲ့ ဝယ်ယူ အသုံးပြုကြပေမယ့် အခုနောက်ပိုင်းတွေမှာ အမှတ်တရလက်ဆောင်ပစ္စည်းအနေနဲ့ ဝယ်ယူကြတယ်၊ နေပြည်တော်MSME ထုတ်ကုန်ပြပွဲမှာဆိုရင် ပါသွားတာ ကုန်လို့ ပြန်မှာရတယ်"ဟု မုဒ္ဒွန်းကျေးရွာမှ ကျောက်သင်ပုန်းလုပ်ငန်းရှင်မှ ပြောကြားခဲ့သည်။

ကျောက်သင်ပုန်းဈေးနှုန်းများမှာ ကျောက်သင်ပုန်းရိုးရိုး ဆိုင်းဘုတ်အရွယ် အကြီးစားကျောက်သင်ပုန်းတစ်ချပ်လျှင် ကျပ် ၇၀၀၀၀၊ (၇ " x ၁၀") တစ်ချပ်လျှင် ကျပ် ၃၅၀၀၊ (၆. ၅"x ၉") တစ်ချပ် လျှင် ကျပ် ၃၀၀၀၊ (၆"x ၈. ၅") တစ်ချပ်လျှင် ကျပ် ၂၅၀၀၊ (၅"x ၇. ၅") တစ်ချပ်လျှင် ကျပ် ၂၀၀၀၊ (၄. ၅" x ၆. ၅") တစ်ချပ်လျှင် ကျပ် ၁၅၀၀ ရှိပြီး ကျောက်သင်ပုန်းပန်းချီ၊ အလှချိတ် အမှတ်တရ ပစ္စည်းများမှာလည်း ဒီဇိုင်းအပေါ် မူတည်ပြီး ဈေးနှုန်းကွဲပြားလျက်ရှိသည်။

ယခုအခါ ကျောက်သင်ပုန်းကို ဟိုတယ်၊ စားသောက်ဆိုင်တို့တွင် Menu ရေးသားသည့် ဆိုင်းဘုတ်အရွယ်ရှိ အကြီးစား ကျောက်သင်ပုန်း၊ ဖုန်းအရွယ်ရှိ အသေးစား ကျောက်သင်ပုန်း၊ ကျောက်သင်ပုန်းပန်းချီ၊ ကျောက်သင်ပုန်းနာရီ၊ ကြော်ငြာဆိုင်းဘုတ်များ၊ နှစ်ပတ်လည်အထိမ်းအမှတ်များ၊ အလှချိတ် အမှတ်တရပစ္စည်း စသည်ဖြင့် အမျိုးမျိုး ထုတ်လုပ်လာကြသည်။ ကမ္ဘာလှည့် ခရီးသွားများ၊ ရိုးရာပစ္စည်းထိန်းသိမ်းသူများမှာ မွန်ပြည်နယ်သို့ ရောက်ရှိလျှင် ချောင်းဆုံမြို့နယ် မုဒ္ဒွန်းကျေးရွာရှိ ကျောက်သင်ပုန်းလုပ်ငန်းများကို သွားရောက်လေ့လာကြပြီး ကျောက်သင်ပုန်းထုတ်လုပ်ပုံအဆင့်ဆင့်များကို စိတ်ဝင်တစား လေ့လာကြကြောင်း သိရှိရသည်။

ချောင်းဆုံမြို့နယ် မုဒ္ဒွန်းကျေးရွာမှ ကျောက်သင်ပုန်းလုပ်ငန်းများမှာ ချောင်းဆုံမြို့ မုဒ္ဒွန်းကျေးရွာ၏ အထိမ်းအမှတ် ထုတ်ကုန်တစ်ခုဖြစ်သည့်အတွက် ရိုးရာလုပ်ငန်းများ မပျောက်ပျက်အောင် ထိန်းသိမ်းသွားသင့်ပေသည်။

**(ဤဆောင်းပါးတွင် အသုံးပြုထားသော ဓာတ်ပုံများအတွက် မူရင်းပိုင်ရှင်အား လေးစားစွာဖြင့် ခရက်ဒစ်ပေးပါသည်။)**





# မကွေးတိုင်းဒေသကြီးမှ လယ်ယာထွက်ကုန်

**နှမ်း**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်ရှိ ယခုနှစ် မေလဆန်းတွင်စိုက်ပျိုး၍ ဇူလိုင်လ စတုတ္ထပတ်တွင် စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။ ဆားတိုင်ကန် ကျေးရွာနေ နှမ်းစိုက်တောင်သူတစ်ဦးက ၎င်းအနေဖြင့် နှမ်းနက်သုံးဧကခန့်ကို ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် ရိတ်သိမ်းရကြောင်း၊ သိပ္ပံနှမ်းနက်မျိုးကို အများဆုံးစိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးသုံးပြည်ခန့် ကုန်ကျကြောင်း၊ မျိုးကို နှမ်းစိုက်တောင်သူအချင်းချင်းဆီမှ ဝယ်ယူပြီး တစ်ပြည်လျှင် ကျပ် ၁၉၀၀၀ ပေးရကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် မျိုးဖိုး၊ မြေပြုပြင်ခ၊ လုပ်အားခနှင့် အခြားသွင်းအားစု စရိတ်အပါအဝင် စုစုပေါင်း ကျပ် ၅၀၀၀၀၀ ခန့် ကုန်ကျသော်လည်း ယခုနှစ်တွင်မှု သွင်းအားစုစရိတ်မြင့်တက်လာ၍ ကျပ် ၆၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်းရေ ၁၃ တင်း ထွက်ရှိပြီး ဩဂုတ်လ စတုတ္ထပတ်တွင် နှမ်းနက်တစ်တင်းလျှင် ကျပ် ၂၆၀၀၀၀ အထိ ဈေးရရှိ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၂၇၈၀၀၀၀ အထိ ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင်မှု မိုးရွာသွန်းမှုများ၍ နှမ်းပင်များ ပျက်စီးဆုံးရှုံးမှုရှိခဲ့သော်လည်း အထွက်နှုန်းကောင်းသည့်အပြင် နှမ်းနက် (စမုန်နက်) မှာ ဈေးကောင်းလည်း ရရှိသောကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိခဲ့ကြောင်း သိရသည်။

**ပဲတီစိမ်း**

မယ်ဇလီတောကျေးရွာနေ တောင်သူတစ်ဦးမှ ၎င်းအနေဖြင့် ပဲတီစိမ်းကို နှစ်ဧကခန့် စိုက်ပျိုးခဲ့ကြောင်း၊ ယခင်နှစ် မိမိစိုက်ခင်းမှထွက်ရှိသည့် ပဲတီစိမ်းစေ့များကို မျိုးအဖြစ်ဖယ်ချန်၍ စိုက်ပျိုးပြီး ရေဆင်း-၁၁၊ ရေဆင်း-၁၄ မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးလေးပြည်ခန့် ကုန်ကျကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်က လုပ်အားခ၊ မြေပြုပြင်ခနှင့် အခြားသွင်းအားစုစရိတ် အပါအဝင် ကျပ် ခြောက်သိန်းခန့် ကုန်ကျခဲ့သော်လည်း ယခုနှစ်တွင်မှု လုပ်အားခစရိတ် မြင့်တက်လာ၍ ကျပ် ၇ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခုနှစ် ဇူလိုင်လ (တတိယပတ်)တွင် စတင်ထွက်ရှိခဲ့ပြီး တစ်ဧကလျှင် ၁၀ တင်းမှ ၁၃ တင်းထိ ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ကျပ် ၁၃၅၀၀၀ ခန့်ရရှိခဲ့၍ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၆၅၀၀၀၀-၁၀၅၅၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ထို့ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တိုက်ရိုက်တင်ပို့ကြကြောင်း သိရသည်။ ဩဂုတ် စတုတ္ထပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲတီစိမ်းသီးနှံသည် ပြည်ပဝယ်ယူရှိသည့် သီးနှံဖြစ်သည့်အတွက် ယခုနှစ်တွင်မှု ရာသီဥတုသာမမျှတ၍ ဈေးကောင်းရသည့်အပြင် အထွက်နှုန်းပါ ကောင်းမွန်သည့်အတွက် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိခဲ့ကြောင်း သိရှိရသည်။

**မြေပဲ**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဆူးတပ်ကျေးရွာ၌ မိုးမြေပဲများကို မေလ ဒုတိယပတ်မှစတင်၍ စိုက်ပျိုးထားကြောင်း သိရသည်။

ဆူးတပ်ကျေးရွာနေ မြေပဲစိုက်တောင်သူတစ်ဦးသည် မိုးမြေပဲ စိုက်ပျိုးရာတွင် မြေပဲဆန်(ဖြူ)နှင့် မြေပဲဆန်(နီ)ကို စိုက်ပျိုးကြောင်း၊ မိုးမြေပဲတစ်ဧကလျှင် မျိုးနှစ်တင်းခန့် ကုန်ကျကြောင်း၊ မျိုးအနေဖြင့် ယခင်နှစ်က မိမိယာခင်းမှ ထွက်ရှိသော မြေပဲများကို မျိုးအဖြစ်ဖယ်ချန်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မြေပဲစိုက်ရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ပထမပတ်တွင် စတင်ရိတ်သိမ်းကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ထွန်ယက်ခ၊ လုပ်အားခ၊ ဆေးဖျန်းခ၊ ရိတ်သိမ်းခ အပါအဝင် စုစုပေါင်း ကျပ် ၉၀၀၀၀၀ - ၁၀၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် မိုးမြေပဲတောင့် တင်း ၆၀ ထွက်ရှိပြီး ဩဂုတ်လ စတုတ္ထပတ် တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ခန့်ရရှိ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၅၀၀၀၀၀-၆၀၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ချောက်မြို့နှင့် ကျောက်ပန်းတောင်းမြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း သိရှိရသည်။

**ရဲမင်းသာ၊ နှင်းလွင်ဦး၊ သန္တာဝင်း (မကွေး)**



## လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ဝင်ရောက်လာ

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကဏ္ဍတွင် ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ လေးလအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၈ သန်း ကျော် ဝင်ရောက်ထားကြောင်း သိရသည်။

လေးလတာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၆ ခု ဝင်ရောက်ထားပြီး ယင်းလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၆ သန်းကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။


လက်ရှိအချိန်ထိ ရှိရင်းစွဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ရင်းနှီးငွေ တိုးမြှင့်သည့်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ရှိပြီး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှု ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၄ ခုထိ အများဆုံး ဝင်ရောက်ထားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် လုပ်ငန်းအသစ်တစ်ခုနှင့် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်ငန်းအသစ် တစ်ခု ဝင်ရောက်ထားကြောင်း သိရသည်။

ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ကြသည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် စင်ကာပူ၊ တရုတ်၊ စင်ကာပူ၊ ထိုင်း စသည့်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ လက်ရှိအချိန်ထိ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ ဒေသပေါင်း ၅၃ ခုရှိ သည့်အနက် ၎င်းနိုင်ငံများမှ အများဆုံးဖြစ်ကြောင်း သိရသည်။

**ကိုတိုး**

## ပြီးခဲ့သည့်လအတွင်း စက်သုံးဆီလုပ်ငန်းရှင်များအား ကန်ဒေါ်လာရောင်းချပေးမှု သန်း ၁၂၀ ကျော်ထိရှိလာ



ပြီးခဲ့သည့်လအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန် ဒေါ်လာရောင်းချပေးမှု သန်း ၁၂၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ တော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြား ငွေကြေးဈေးကွက် (FX Trading Platform) တွင် စက်သုံးဆီ လုပ်ငန်းရှင်များအား ဩဂုတ် ၅ ရက်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀ အားလည်းကောင်း၊၊ ဩဂုတ် ၁၃ရက်တွင်အမေရိကန်ဒေါ်လာ ၃၂ သန်းအားလည်းကောင်း၊ ဩဂုတ် ၁၉ရက်တွင်အမေရိကန်ဒေါ်လာ ၃၂ သန်းအားလည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂ သန်းနှင့် အခြားသွင်းကုန်လုပ်ငန်းရှင်များအတွက် တရုတ်ယွမ် ၁၅ သန်းအားလည်းကောင်း အသီးသီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် စားသုံးဆီနှင့် အခြား ကုန်စည်များ တင်သွင်းသည့် လုပ်ငန်းရှင်များအတွက် CMP လုပ်ငန်းများသို့ ဝင်ရောက်သည့် နိုင်ငံခြားငွေမှ တစ်ရက်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၂ဒသမ၂ သန်းခန့် နေ့စဉ်ရောင်းချပေး လျက်ရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြား ငွေကြေးဈေးကွက်တွင် စက်သုံးဆီလုပ်ငန်းရှင်များအား အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပံ့ပိုးပေးရန် စီစဉ်ထားကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းရှင်များအတွက် အမေရိကန်ဒေါ်လာများ ဆက်တိုက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဩဂုတ်လအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform) တွင် သွင်းကုန်လုပ်ငန်းရှင်များအတွက် တရုတ်ယွမ် ၁၀ သန်းနှင့် ထိုင်းဘတ် သန်း ၅၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ကိုတိုး**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၂၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၃၄၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဩဂုတ် ၂၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၃၇၇ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ဩဂုတ် ၂၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၅၁၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဩဂုတ် ၂၇ ရက်တွင် ကျပ် ၇၆၂၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇၅ ဘီလီယံ ရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားခဲ့သည်ကို တွေ့ရှိရသည်။

ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တပတ်အတွင်း ၄၃၆၀-၄၃၇၀ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၁-၈-၂၀၂၅ | ၂၂-၈-၂၀၂၅ | ၂၅-၈-၂၀၂၅ | ၂၆-၈-၂၀၂၅ | ၂၇-၈-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၂.၅၉၄ | ၃၂.၆၄၄ | ၃၂.၄၃၇ | ၃၂.၄၆၃ | ၃၂.၄၇၃ | -၀.၃၇ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၂၈၆ | ၁.၂၈၉ | ၁.၂၈၃ | ၁.၂၈၆ | ၁.၂၈၉ | ၀.၂၃ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၂၂၃ | ၄.၂၂၇ | ၄.၂၀၇ | ၄.၂၁၉ | ၄.၂၃၆ | ၀.၃၁ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၆၂၇၉ | ၁၆၃၄၂ | ၁၆၂၅၄ | ၁၆၂၈၂ | ၁၆၃၅၅ | ၀.၄၇ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၁၇၈ | ၇.၁၇၉ | ၇.၁၅၅ | ၇.၁၅၉ | ၇.၁၆၁ | -၀.၂၄ | ↓ |
| ၇ | Indian Rupee | INR | ၈၇.၁၃၇ | ၈၇.၅၃၆ | ၈၇.၅၇၃ | ၈၇.၆၄၆ | ၈၇.၈၆၆ | ၀.၈၄ | ↑ |
| ၈ | Japanese Yen | JPY | ၁၄၇.၆၀၀ | ၁၄၈.၆၃၀ | ၁၄၇.၂၆၅ | ၁၄၇.၅၅၅ | ၁၄၇.၈၇၀ | ၀.၁၈ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၅၇ | ၁.၅၅၆ | ၁.၅၄၀ | ၁.၅၄၂ | ၁.၅၄၆ | -၀.၇၁ | ↓ |
| ၁၀ | Euro | EUR | ၀.၈၅၈ | ၀.၈၆၂ | ၀.၈၅၅ | ၀.၈၆၀ | ၀.၈၆၃ | ၀.၅၈ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၄၃ | ၀.၇၄၅ | ၀.၇၄၁ | ၀.၇၄၂ | ၀.၇၄၄ | ၀.၁၃ | ↑ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ဩဂုတ် ၂၇ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညေ့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့် လည်းကောင်း၊ ညေ့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၉ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၆ ဖြင့် လည်းကောင်း၊ ညေ့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ ညေ့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၉ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညေ့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၉၃ ဖြင့်လည်းကောင်း၊ ညေ့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၁ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ညေ့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း၊ ညေ့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၄ ဖြင့်လည်းကောင်း၊ ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို တွေ့ရှိရသည်။

Thai Rice Exporter Association တွင် ဖော်ပြချက်အရ ဩဂုတ်လနောက်ဆုံးပတ်တွင် ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁ - ၁၀ ဒေါ်လာ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၇၉ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

ဖိလစ်ပိုင်နိုင်ငံက ဆန်တင်သွင်းမှု ဆိုင်းငံ့ခြင်းကို ဖယ်ရှားပေးသည့်အချိန်အထိ ပို့ကုန် လုပ်ငန်းရှင်များ၏ ဆန်သိုလှောင်ထားရှိမှုကို ကူညီနိုင်ရန်အတွက် ဗီယက်နမ် အစိုးရအနေဖြင့် အတိုးနှုန်းသက်သာသည့် ချေးငွေအစီအစဉ်နှင့် ချေးငွေသက်တမ်းတိုးမြှင့်ပေးသည့် အစီအမံများကို ဆောင်ရွက်ပေးရန် ဗီယက်နမ် စားသောက်ကုန်အသင်းက အဆိုပြုထားကြောင်း သိရှိရသည်။ ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းမှု ဆိုင်းငံ့ခြင်း အစီအစဉ်ကို ကြေညာပြီးနောက် ဩဂုတ်လအတွင်း ဖိလစ်ပိုင်ကုန်သည်များက ဆန်ဝယ်ယူမှုကို တိုးမြှင့်ခဲ့ရာ ဗီယက်နမ်၏ ဆန်ပို့ကုန်ဈေးနှုန်းများသည်လည်း မြင့်တက်လာခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သည့် ဆန်ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၁ ဖြင့် အာရှတွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ထိုင်း၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ထက် ဈေးနှုန်း ပိုမိုခဲ့ကြောင်း သိရှိရသည်။

မြန်မာ့ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး)တွင် ပေါ်ဆန်းနယ်စုံ(အဟောင်း) (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း (အဟောင်း) ဆန်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ မှ ၁၅၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ညေ့်မထ ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၅၇၅၀၀ မှ ၅၈၅၀၀ ကြားနှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၆၁၀၀၀ မှ ၆၄၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းများမှာလည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုများမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိ ရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်/ဆန်ကွဲ တန်ချိန် ၃ ဒသမ ၀၆ သိန်း (၄၄ %) ပိုမို တင်ပို့နိုင်သည်။ သို့သော် ထိုင်း၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံများနည်းတူ ကမ္ဘာ့ဆန်ဈေးကွက် ပေါက်ဈေးလိုက်၍ ယခင်နှစ်ကာလတူထက် ဆန်ဈေးနှုန်းကျဆင်းမှုများရှိသဖြင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၈ သန်း လျော့နည်းရရှိသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသ မူဆယ်မြို့တွင် ဩဂုတ် ၂၇ ရက် တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော(အသစ်) တစ်အိတ်လျှင် ၂၈၀ ယွမ်ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၁၁ ကျပ်နှုန်းရှိသောကြောင့် ဆန်သစ်တစ်အိတ်လျှင် ၁၇၀၀၀၀ ကျပ်ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဩဂုတ် ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၁၃၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ညေ့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံမြို့တွင် ကျပ် ၅၂၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်း ဖြစ်ပေါ်ခဲ့သည်။



## ဧရာဝတီတိုင်းဒေသကြီး ပြည်ပပို့ကုန် ငါးရှဉ့်ဈေးကွက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပဈေးကွက် ဝယ်လိုအားရှိသော ငါးရှဉ့်များကို ပြည်ပသို့ နှစ်ပတ်လည်တင်ပို့ ရောင်းချမှုရှိသော်လည်း ပွင့်လင်းရာသီထက် ယခုလို မိုးတွင်းတွင် ငါးရှဉ့်များ ပိုမိုဝင်ရောက်လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

ငါးရှဉ့်မျိုးများကို ထိန်းသိမ်းရန် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးစင်တီမီတာ လုံးပတ်အထက်သာ ဖမ်းဆီးတင်ပို့ရောင်းချခွင့်ပြုပြီး ဇွန်လမှ နိုဝင်ဘာလအတွင်း ဈေးကွက်မှတင်ပို့မှုများ၍ ဒီဇင်ဘာလ နောက်ပိုင်းတွင် ငါးရှဉ့်အဝင်နည်းသွားကြောင်း သိရသည်။ ပုသိမ်ဈေးကွက်မှ ပြည်ပတင်ပို့သော ငါးရှဉ့်များမှာ ပါးနီ၊ ပါးမွှားနှစ်မျိုးသာ Export ဈေးကွက်သို့ တင်ပို့လျက်ရှိပြီး ငါးရှဉ့်တွင် ကျန်းမာရေးအတွက် ပရိုတင်းကြွယ်ဝမှု ရှိခြင်းကြောင့် အာရုံကြောကောင်းမွန်၍ သတ္တုဓာတ်နှင့် ဗီတာမင်များလည်း ပါဝင်ပြီး သံဓာတ်များလည်း ပါဝင်ကြောင်း သိရသည်။ သံဓာတ်လုံလောက်မှုမရှိပါက ခန္ဓာကိုယ်ထဲတွင် သွေးနီဥနည်းပါး၍ ခေါင်းမူး၊ ခေါင်းကိုက်၊ အားနည်းခြင်းများ ဖြစ်နိုင်ကြောင်း ငါးရှဉ့်တွင် နွားနို့၊ ဒိန်ချဉ်တို့ကဲ့သို့ အရိုးကို သန်မာစေသော Phoshorus ဓာတ်များပါဝင်ပြီး သွေးအားကောင်းကြောင်း သိရသည်။ ငါးရှဉ့်ကို ပြည်တွင်း စားသောက်ဆိုင်များနှင့် ဟိုတယ်စာအဖြစ် စားသုံးလျက်ရှိသည်။

ပုသိမ်မြို့ပေါ် အဝယ်ဒိုင်သို့ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်များရှိ ကျေးရွာများမှ အဓိက လာရောက် ရောင်းချလျက်ရှိပြီး အကောင်အကြီး၊ အသေးပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀- ၁၆၀၀၀ ဈေးဖြင့် ဝယ်ယူလျက်ရှိသည်။ ငါးရှဉ့် များ ကို ရေနှစ်ထပ်၊ သုံးထပ်လဲလှယ်၍ ငါးရှဉ့်အသေးများကို ဖယ်ပြီး ဖော့ပုံး၊ ပလတ်စတစ်ပုံးများတွင် ၂၀-၂၅ပိဿာ ထည့်သွင်း၍ ရန်ကုန်မြို့ရှိ စံပြဈေး၊ လှိုင်သာယာဈေးနှင့် အင်းစိန်မြို့နယ် ကြို့ကုန်း ငါးရှဉ့်အဝယ်ဒိုင်ကြီးများသို့ တင်ပို့လျက် ရန်ကုန်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ပုသိမ်မြို့ ငါးရှဉ့်လုပ်ငန်းရှင်များထံမှ သိရသည်။ **ရာမြေ(ပုသိမ်)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

DOT (P&S)

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဩဂုတ် ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ဩစတြေးလျ နိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အာဂျင်တီးနားနှင့် ဘူတန်နိုင်ငံတို့တွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်း၊ နျူအသည္ဒငေ နိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဩဂုတ် ၂၅ ရက် ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ပါကစ္စတန်၊ အာမေးနီးယား၊ ကိုလံဘီယာ၊ ဂျော်ဒန်၊ ကင်ညာ၊ လီဆိုသို၊ မက္ကဆီကို၊ ကာတာနှင့် ဆွစ်ဇာလန်စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၇ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ ဂရိ၊ ပိုလန်၊ နယ်သာလန်၊ ချက်၊ အီတလီ၊ ဒိန်းမတ်၊ ဖင်လန်နှင့် ခရိုအေးရှား စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၁ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၇၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဩဂုတ် ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ လာအိုနှင့် ဗီယက်နမ် နိုင်ငံတို့တွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ဩဂုတ် ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ဩစတြေးလျနိုင်ငံသည် ယခုတစ်ပတ်တွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Estonia နိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်း၊ ဘယ်လ်ဂျီယံနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် လူဇင်ဘတ်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၃ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ပါကစ္စတန်၊ အန်ဒိုရာ၊ အင်ဂိုလာ၊ ဘရာဇီးလ်၊ မိုဇမ်ဘစ်၊ အိုမန်၊ တောင်အာဖရိကနှင့် ဥရုဂွေး စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၄ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဗီယက်နမ်၊ လာအို၊ ဂျပန်၊ တောင်ကိုရီးယား၊ နီပေါ၊ ပိုလန်၊ ဟန်ဂေရီ၊ နယ်သာလန်၊ ဖင်လန်၊ ဆလိုဗက်ကီးယားနှင့် ဂွါတီမာလာ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၈၀ ရာခိုင်နှုန်းအထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဩဂုတ် ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၁ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၄ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါ သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၉၅ | ၀.၈၁ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၇ | ၀.၈၈ |
| ၃ | ထိုင်း | လီတာ | ၁.၃၂ | ၀.၉၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၈ | ၀.၆၉ |
| ၅ | စင်ကာပူ | လီတာ | ၂.၁၃ | ၁.၉၅ |
| ၆ | မလေးရှား | လီတာ | ၀.၄၉ | ၀.၆၈ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၈ | ၀.၉၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၂ | ၀.၉၅ |
| ၉ | လာအို | လီတာ | ၁.၃၀ | ၀.၈၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၉ | ၀.၉၇ |
| ၂ | ဂျပန် | လီတာ | ၁.၁၉ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၅ | ၁.၀၃ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ဩဂုတ် ၂၈ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၉၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၉၉၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၅၄၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၃၁၄၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၄၁၄၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၆၉၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၀၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၄၀၅၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၀၁၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၅၅၅ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၉၉၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၅၄၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၀ ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဒီဇယ် တစ်လီတာလျှင် ကျပ် ၈၀ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# မြိတ်မြို့ရှိ ရေထွက်ကုန်များ စုပေါင်းရောင်းချရာ ငါးလေလံဈေး

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သည် ကမ်းရိုးတန်းဒေသဖြစ်ပြီး ပင်လယ်ဝန်းရံလျက်ရှိသော ဒေသဖြစ်သည့်အတွက် ရေထွက်ကုန်များဖြင့် ကုန်သွယ်ရောင်းဝယ်လျက်ရှိသည်။ ပင်လယ်ကမ်းရိုးတန်းဖြစ်သည့်အတွက် ငါး၊ ပုစွန်၊ ကဏန်းများကို နေ့စဉ် ဖမ်းဆီးရမိလျက်ရှိသည်။

ထိုကဲ့သို့ ဖမ်းဆီးရမိသော ငါးများကို အအေးခန်း ကုမ္ပဏီများနှင့် ငါးလေလံဈေးတွင် ရောင်းချလျက် ရှိကြသည်။ ရေထွက်ကုန်များ ရောင်းချရာ ငါးလေလံဈေးမှာ အနယ်နယ် အရပ်ရပ်မှ လာရောက်ရောင်းချကြသော ငါးမျိုးစုံများဖြင့် စည်ကား လျက်ရှိသည်။ ငါးဗန်းများ ၊ ခြင်းများဖြင့် လာရောက်ရောင်းချကြပြီး ကီလို၊ ပိဿာနှင့် ခြင်းအလိုက်သာ ရောင်းဝယ်ကြသည်။

ငါးမဖမ်းရ ရာသီများနှင့် ငါးဖမ်းရာသီစတင်ချိန်တွင် ကမ်းဝေး ငါးဖမ်းလှေများ ကမ်းမကပ်သေးသဖြင့် အများစုမှာ ကမ်းနီးငါး ဖမ်းလှေ(ပိုက်လှေ)များမှ လာရောက် ရောင်းချကြသည်။ ဖမ်းဆီးရမိသော ငါးများကို လှေပေါ်တွင် အမျိုးအစားခွဲကာ အိုးဝေ(ခေါ်) တုတ်တုတ်၊ မော်တော်ကားများဖြင့် လာရောက် ရောင်းချကြသည်။



ငါးလေလံဈေး ရောင်းချရာ အဆောက်အအုံအတွင်း ဟင်းလင်းပြင်ကဲ့သို့ နေရာတွင် နံနက် ၉ နာရီ အချိန်မှစပြီး ငါးရောင်းချမည့်သူများ စုစည်းလာပြီး ငါးရောင်းချရန် မိမိရောင်းချမည့် နေရာတွင် ခင်းကျင်းကာ ငါးဝယ်ယူမည့်သူများ ကလည်း လာရောက် စောင့်စားလျက်ရှိသည်။

ယခင်ကငါးလေလံဈေးကို မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီအထိ သတ်မှတ်ထားခဲ့ကြသော်လည်း လက်ရှိတွင် ငါးလေးလံဈေးကို နံနက် ၁၀နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ရောင်းချလျက်ရှိကြသည်။

ဈေးစကတည်းက ဝယ်သူများမှ ဝယ်ယူမည့် ငါး အမျိုးအစားများကို ကြည့်ထားကြပြီး စတင်ရောင်းချသည်နှင့် ဗန်းအလိုက်၊ ခြင်းအလိုက် ဈေးပေးပြီး ဝယ်ယူလေ့ရှိသည်။ ငါးလေလံဈေးတွင် ရောင်းချသော ငါးဈေးနှုန်းသည် တိုက်ရိုက်လာရောက်ရောင်းချသဖြင့် များစွာဈေးသက်သာလျက်ရှိသည်။ ခြင်းအလိုက် ဈေးဖြတ်ရောင်းချရာတွင် ရောင်းချသူများဈေးနှုန်း သတ်မှတ်ရောင်းချကြပြီး ဝယ်သူများက ပြန်လည်ရောင်းချရမည်ဖြစ်သဖြင့် ဈေးမကိုက်လျှင် မဝယ်ကြဘဲ ဈေးလျှော့ပေးကြသည်အထိစောင့်ကာ ဝယ်ယူလျက်ရှိသည်။ ငါးပေါများသောအချိန်တွင် ငါးဈေးကျပြီး ငါးရှားပါးပါက ဈေးကောင်းရရှိကြောင်း သိရသည်။

ငါးလေလံဈေးတွင် ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ကဘောင်း(ကကတစ်)၊ ဇယော၊ ကလာကုတ်၊ ငါးကွန်းရှပ်(ဘီးဇင်း)၊ ငါးလိပ်ကျောက်၊ ငါးတန် စသည့် ငါးများ ရောင်းချပြီး ငါးဦးစီးဌာနမှ ထိန်းသိမ်းကြပ်မတ်လျက်ရှိကြောင်း သိရသည်။ ဒေသပေါက်ဈေးနှင့် ဈေးကွက်ဝင်ဈေးအရ ငါးတစ်ပိဿာလျှင် ကျပ် ၃၀၀၀ ခန့် ကွာခြားလျက်ရှိသည်။

ဇယောငါး အပြင်ဈေး တစ်ပိဿာလျှင် ကျပ် ၂၈၀၀၀ ခန့်ရှိပါက ငါးလေလံဈေးတွင် ကျပ် ၂၅၀၀၀ ခန့်သာရှိကြောင်း သိရသည်။ ငါး လေလံဈေးတွင် ရောင်းချသော ငါးများသည် လတ်ဆတ်လျက်ရှိပြီး ၎င်းငါးများကို ဈေးများတွင် ပြန်လည်ရောင်းချရန် ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ကျော်နိုင်(မြိတ်)**



# နိုင်ငံအတွက် အားထားရသည့် တနင်္သာရီတိုင်းဒေသကြီး၏ ငါး၊ ပုစွန်လုပ်ငန်း

**တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ တောင်ဘက်ခြမ်းတွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသုံးခုအနက် အရှည်ဆုံးကမ်းရိုးတန်းတစ်ခုဖြစ်ကာ ကမ်းရိုးတန်းမိုင် ၂၀၀ ခန့်ရှည်လျားသည့်အတွက် ကမ်းရိုးတန်း ရေပြင်တွင် ကမ်းဝေး၊ ကမ်းနီး ငါးဖမ်း/ငါးသယ်ရေယာဉ်(လိုင်စင်)စင်းရေ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ၃၂၆၂ စင်း၊ ငါးဖမ်း ရေလုပ်သား ၅၀၀၀၀ ကျော်ခန့်ဖြင့် အဓိက ငါး၊ ပုစွန် ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ငါး/ ပုစွန် ၊ ကဏန်းပျော့၊ ဂျင်းခရု၊ ပင်လယ်ရေမှော်၊ ကမာများကိုလည်း ဒေသတွင်းမွေးမြူပြီး ပြည်တွင်း၊ ပြည်ပသို့တင်ပို့ ရောင်းချကာ အဓိကဝင်ငွေရရှိနေသော လုပ်ငန်းတစ်ခုဖြစ်သည်။**

ပင်လယ်ပြင် ကမ်းနီးငါးဖမ်း/ငါးသယ်ရေယာဉ်(လိုင်စင်)၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ငါးဖမ်း ၁၆၆၅ စင်း၊ ငါးသယ် ၂၁၅ စင်း၊ ပေါင်း ၁၈၈၀ စင်း၊ ကမ်းဝေးငါးဖမ်း/ငါးသယ်ရေယာဉ်(လိုင်စင်) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအထိ ငါးဖမ်း ၁၃၃၁ စင်း၊ ငါးသယ် ၅၁ စီး၊ ပေါင်း ၁၃၈၂ စင်းဖြင့် နှစ်ပတ်လည် ပင်လယ်ရေပြင်တွင် ငါး/ပုစွန်များအား ရှာဖွေဖမ်းဆီးလျက်ရှိသည်။ ကမ်းဝေးငါးဖမ်း တစ်စင်းလျှင် တစ်နှစ်ပတ်လည် ကုန်ချိန် ပျမ်းမျှ ၂၉၈ ဒသမ ၅၈၇ တန်နှင့် ကမ်းနီး ငါးဖမ်းတစ်စင်းလျှင် တစ်နှစ်ပတ်လည် ကုန်တန်ချိန် ၂၀ဒသမ၂၂၅တန် ဖမ်းဆီးရရှိသည်ဟု သိရသည်။

ထို့အပြင် ငါး/ပုစွန် မွေးမြူခြင်းများကိုလည်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိရာ ငါးမွေးမြူရေး လုပ်ငန်းရှင် ၂၃ ဦးမှ ဧက ၁၂၄ ဒသမ ၀၀၂ တွင် ရေပေါ်လှောင်အိမ် ၄၀၉ အိမ်ဖြင့်လည်းကောင်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းကို လုပ်ငန်းရှင် ခုနစ်ဦး၊ ဧက ၂၂၁၇ ဒသမ ၅၆၀ တွင် မြေကန် ၂၅၄ ကန်၊ ကဏန်းပျော့ မွေးမြူခြင်းကို လုပ်ငန်းရှင်ဦးရေ ခြောက်ဦး၊ ဧက ၅၁၁ ဒသမ ၈၁ ဧကတွင် မြေကန် ၅၃ ကန်ဖြင့် လည်းကောင်း၊ ဂျင်းခရုမွေးမြူခြင်းလုပ်ငန်းကို လုပ်ငန်းရှင် ၂၈၆ ဦးဖြင့် သဘာဝရေပြင် ၈၃၀၇ ဒသမ ၂၅ ဧကတွင် လည်းကောင်း၊ ပင်လယ်ရေမှော် မွေးမြူခြင်းကို လုပ်ငန်းရှင် ငါးဦးမှ ဧက ၂၅၆တွင်ကြိုးတန်း ၁၅၂၀ ဖြင့် လည်းကောင်း၊ ကမာမွေးမြူခြင်းကို လုပ်ငန်းရှင်တစ်ဦးမှ ဧက ၄၀ တွင် ကြိုးတန်း ၄၀ ဖြင့်လည်းကောင်း စုစုပေါင်းလုပ်ငန်းရှင် ၃၂၈ ဦးမှ စုစုပေါင်း ဧက ၁၁၄၅၆ ဒသမ ၆၂၂ ဧကတွင် မွေးမြူထုတ်လုပ် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ ရေငန်ပုစွန် မွေးမြူထားရှိမှုမှာ ထားဝယ်ခရိုင် ရေဖြူတွင် ဧက ၄၀ တွင် ကန်လုံးရေ ရှစ်ကန်၊ မြိတ်ခရိုင် ပုလောမြို့နယ်၌ ၂၉၉ ဒသမ ၇၇ ဧကတွင် ကန်လုံးရေ ၂၅ကန်၊ ကျွန်းစု၌ ၉၁၅ ဒသမ ၁၂ဧကတွင် ကန်လုံးရေ၁၀၇ကန်၊ တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ဧက ၂၂၁၇ ဒသမ ၅၆ ဧကတွင် ကန်လုံးရေ ၂၅၄ လုံးဖြင့် မွေးမြူ ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပ တင်ပို့ ရောင်းချလျက်ရှိသည်။

ထို့အပြင် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုးတက်ရရှိစေရန် ရည်ရွယ်၍ တိုးချဲ့မွေးမြူဆောင်ရွက်လျက်ရှိရာ ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် ၈၄၁ ဧက၊ မြိတ်ခရိုင် မြိတ်၊ ပုလော၊ ကျွန်းစုတွင် ၃၉၂၈ ဒသမ ၅၇ ဧက၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်တွင် ၂၅၃၉ ဒသမ ၂၀ ဧကနှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် ၃၂၉၅ ဧက မွေးမြူဆောင်ရွက်သွားမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံးအနေဖြင့် ခွင့်ပြုမိန့် ၃၂၉၉ ဒသမ ၆၈ ဧက ရရှိခဲ့ပြီး တင်ပြဆဲ ၇၃၅၈ ဒသမ ၀၉ ဧကဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ငါး၊ ပုစွန်၊ အခြား ထုတ်လုပ်တင်ပို့ ရောင်းချမှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ထုတ်လုပ်မှုတန်ချိန် ၅၁၄၁၈၀ ဒသမ ၈၅ ၊ စားသုံးမှုတန်ချိန် ၇၇၉၇၄ ဒသမ ၄၂၊ ပြည်ပတင်ပို့မှု၂၈၅၃၁၄ဒသမ၇၁၄ တင်ပို့ခဲ့ရာ နိုင်ငံခြားဝင်ငွေ ရရှိမှု ၃၀၃ ဒသမ ၆၂၈ သန်းရရှိခဲ့ကာ အဓိက ထိုင်းနိုင်ငံသို့တင်ပို့ခဲ့သည်။

တိုင်းဒေသကြီးအနေဖြင့် စားသုံး၊ ပြည်ပသို့ တင်ပို့ပြီး ပိုလျှံမှုအနေဖြင့် ၁၅၀၈၉၁ ဒသမ ၇၁၃ တန်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးသည် ငါး၊ ပုစွန်ထုတ်လုပ်တင်ပို့မှုအပေါ် ဒေသတွင်းရိက္ခာဖူလုံမှုရှိပြီး ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

တနင်္သာရီတိုင်းအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအထိ ငါး၊ ပုစွန် ထုတ်လုပ်မှု ၆၆၉၆၆ ဒသမ ၃၄၆ တန်၊ စားသုံးမှု ၁၉၁၄၃ ဒသမ ၆၁၀ တန်၊ ပြည်ပတင်ပို့မှု ၃၄၅၁၇ ဒသမ ၂၉၂ တန်၊ နိုင်ငံခြားဝင်ငွေရရှိမှု အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၅၅ သန်းဖြစ်ပြီး ပိုလျှံမှု

**စိုးပြို (ထားဝယ်)**

၁၃၃၀၅ ဒသမ ၄၄၄ တန်ဖြစ်ကြောင်းနှင့် တင်ပို့ရာတွင် ငါး (ရေခဲရိုက်)၊ ပုစွန်(Frozen Type) (အေးခဲ)၊ ပြုတ်ခြောက်၊ ပြုတ်ခဲများ တင်ပို့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်အခြမ်းတွင် တည်ရှိပြီး ကမ်းရိုးတန်းရေပြင် ပိုင်ဆိုင်မှုကြောင့် ရေထွက်ပစ္စည်း ပေါကြွယ်ဝသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကာ ရေလုပ်ငန်းနှင့်ပတ်သက်၍လည်း အခြေခံ ရေလုပ်သားမှစ၍ လုပ်ငန်းရှင်၊ အရောင်းအဝယ်၊ သယ်ယူပို့ဆောင်ရေး၊ လူတန်းစား အမျိုးမျိုးရှိပြီး ရေမြင့်လျှင် ကြာတင့်ဆိုသလို ဝင်ငွေ မြင့်တက်လျက်ရှိကာ သဘာဝ ရေထွက်ပစ္စည်းထုတ်လုပ်တင်ပို့ ရောင်းချမှုသည် တိုင်းဒေသကြီးအတွက်လည်း GDP တိုးတက်လျက်ရှိပြီး နိုင်ငံခြားဝင်ငွေပါ ရှာဖွေပေးနိုင်သဖြင့် နိုင်ငံအတွက် အားထားရသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Source- တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**

# ဒေသထွက် ရာသီစာ ဒူးရင်းသီးဈေးနှုန်း

ကရင်ပြည်နယ်ဒေသထွက် ဒူးရင်းသီးများ ဘားအံမြို့ပေါ် ဈေးကွက်အတွင်း၌ ဈေးကောင်းရကာ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်ရှိ မြို့နယ်ခုနစ်မြို့နယ်လုံးတွင် ဒူးရင်းသီး ထွက်ရှိသော်လည်း ဖာပွန်၊ သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီးနှင့် ကော့ကရိတ်မြို့နယ်များတွင် ဒူးရင်းသီးပိုမိုထွက်ရှိပြီး ပို၍လည်း အရသာ ရှိလှသည်။ ကရင်ပြည်နယ်တွင်စိုက်ပျိုးသည့် ဒေသထွက် ဒူးရင်းသီးပင်သည် အပင်မြင့်မျိုးဖြစ်ပြီး ကျောက်စရစ် မြေနီကို ပိုကြိုက်သည်။ ဒူးရင်းသီးပင်မြင့်သော်လည်း ဒူးရင်းသီးမှည့်လျှင် အလိုအလျောက် ကြွေကျကာ ပျက်စီးခြင်းမရှိဘဲ ပင်ကိုအတိုင်းပင် တည်ရှိသည်။

ကြာအင်းဆိပ်ကြီးနှင့် ကော့ကရိတ်မြို့ နယ်ထွက် ဒူးရင်းသီးများသည် အရသာ အလွန်ချိုမြကာ အခါးသက်နေ၍ လူကြိုက်များလှသည်။ ယခုအခါ တွင် ကရင်ပြည်နယ်ဒေသထွက် ဒူးရင်းသီးစစ်စစ်ရှိသလို ထိုင်း ကိုင်းဆက် ဒူးရင်းသီးပင်များကိုလည်း စီးပွားဖြစ် စိုက်ပျိုးနေကြောင်း သိရသည်။

ဒူးရင်းသီးသည် စပွင့်ချိန်မှ မှည့်ချိန်အထိ ငါးလခွဲမှ ခြောက်လခွဲထိ ကြာသည်။ ကရင်ပြည်နယ်ဒေသထွက် ဒူးရင်းသီးများမှာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများမှစပွင့်ပြီး ဇွန်၊ဇူလိုင်လများတွင် စတင်ခူးဆွတ်ရောင်းချကြသည်။ ယခင် ဇူလိုင်တွင် ဒေသထွက် ဒူးရင်းသီး ဈေးနှုန်းများမှာ ဒူးရင်းသီး အလုံးကြီးတစ်လုံးလျှင် ကျပ် ၃၀၀၀၀- ၄၀၀၀၀၊ ဒူးရင်းသီး အလုံးလတ် တစ်လုံးလျှင် ကျပ် ၁၅၀၀၀-၂၀၀၀၀၊ ဒူးရင်းသီး အလုံးငယ် တစ်လုံး လျှင် ကျပ် ၅၀၀၀-၁၂၀၀၀ တို့ဖြစ်ကြပြီး ဩဂုတ်လ နောက်ဆုံးပတ်တွင် ဒူးရင်းသီးဈေးနှုန်းများမှာ အလုံးကြီး တစ်လုံးလျှင် ကျပ် ၄၀၀၀၀-၅၅၀၀၀၊ အလုံးလတ် တစ်လုံးလျှင် ကျပ် ၂၅၀၀၀၊ ၃၀၀၀၀၊ အလုံးငယ် တစ်လုံးလျှင် ကျပ် ၁၀၀၀၀၊ ၁၈၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိကြောင်းနှင့် ဩဂုတ်လတွင် မြင့်တက်လာကြောင်း တွေ့ရသည်။

ယခုကဲ့သို့ ဈေးမြင့်လာရခြင်းမှာ ဒူးရင်းသီးရာသီ ကုန်ဆုံးချိန် နီးသောကြောင့်ဖြစ်ကြောင်း သိရသည်။

**သီတာဌေး(ကရင်)**



MYANMAR ATLANTIC
Since 1998

# *"Timeless Beauty, Effortless Elegance"*



*Contact us to start your journey in pearl jewelry now.*

9th Floor, Tower (C), Royal Sin Min Condo,
Strand Road, Ahlone Township, Yangon, Myanmar.
09945483388, info@myanmaratlantic.com, www.myanmaratlantic.com



Global Good Pure Group Co.,Ltd.
စံချိန်ဆီစက်
နေကြာဆီသန့်
မြေပဲဆီသန့်
အဆင့်မြင့်စက်ကြီး များဖြင့် ကြိတ်ခွဲပြီး Refinery နည်းပညာဖြင့် သန့်စင်ထုတ်လုပ်ထားသော မြန်မာနိုင်ငံတွင် ပထမဆုံး "စံချိန်" Refinedမြေပဲဆီ နှင့် Refined နေကြာဆီ
ဆက်သွယ်မှာယူလိုပါက
-09 771 007 002 , 09 881 007 002
-အမှတ်၆၂၊ကမ်းနားလမ်းနှင့်ဦးချိန်လမ်းထောင့်၊ရွှေပြည်သာစက်မှုဇုံ(၂)၊ရန်ကုန်။
Fb Page-(စံချိန်ဆီစက်Refinery Plant)


Royal-D
ချွေးထွက်များလို့ ရေဓာတ်ဆုံး
ရွိုင်ရယ် – ဒီ သာ
အကောင်းဆုံး
Royal-D


MIKKO
INSTANT
COFFEEMIX
MIKKO
MIKKO


ရွှေဘားမား
Phone 09 9543 99998
www.shweburma.com.mm
Marketed & Distributed By
Phone Thabar Co.,ltd
TRADITIONAL TASTE
VIP
STRONG


TIMES CITY COMPLEX
BUILDING 401
3rd Floor
moc
Dental Center
Book Now - 09 9713 99998
BUILDING 401, TIMES CITY COMPLEX,
ဟံသာဝတီလမ်း နှင့် ကျွန်းတောလမ်းကြား၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
သင့်ရဲ့သွားကျန်းမာရေးတွက် စိတ်ချရဆုံး MOC MOC DENTAL CENTER


MTC
MYANMAR TRADE CENTER
CAR SALES CENTER
09894077766 , 09894077767
SHOP NOW
No.9, Yangon-Pyay Road ,Northern Htauk Kyant Quarter,
Mingalardon Township, Yangon, Myanmar.


CANOPUS
Myanmar Company Ltd
COXWIN 200
Auginal
NERVE Plus
Canogrow 3 in 1
Canogrow Syrup
CleaVit
Multivitamins & Minerals
ZEST AZ
MOXICOR C 625
ATOR VPC 10
FEROFOL
SILOS
Imported and Marketed By
CANOSTAR Ventures Co., Ltd
Room No.5, Building B, Shwe Nguwar Street,
Shwe Sable Yeik Mon Housing,
Kamayut T/S, Yangon, Myanmar.
+95 1 535399
canopusmyanmar@gmail.com




# ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

စန္ဒာစိုးလွင် (မကွေး)

လူတို့၏ နေထိုင်မှုစနစ်တွင် စား၊ ဝတ်၊ နေရေးဟူ၍ အရေးသုံးပါးရှိသည့်အနက် အဝတ်သည် ဒုတိယအရေးကြီးဆုံးဖြစ်သည်။

"လူမှာအဝတ်၊ တောင်းမှာအကွပ်"ဆိုသည့် မြန်မာစကားပုံတွင် လူတို့တွင် အဝတ်၏ အရေးပါပုံကို ဆိုညွှန်းထားပါသည်။ ဝါသည် ကမ္ဘာ့အရေးအကြီးဆုံး လယ်ယာထွက်ကုန်များထဲမှ တစ်ခုဖြစ်ပြီး နိုင်ငံများစွာ၏ စီးပွားရေးကို သိသိသာသာအထောက်အကူပြုသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝါသည် သန်းနှင့်ချီသော လူများအတွက် အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည်။ အိန္ဒိယ၊ တရုတ်၊ အမေရိကန်နှင့် အာဖရိကနိုင်ငံများ စွာတို့ကဲ့သို့ နိုင်ငံများတွင် ဝါဂွမ်းသည် အဓိကပို့ကုန်တစ်ခုဖြစ်ပြီး ကြီးမားသော ဝင်ငွေကို ရရှိစေသည်။ အိန္ဒိယတွင် ဝါဂွမ်းလုပ်ငန်းသည် လယ်သမား ခြောက်သန်းကျော်နှင့် ဆက်စပ်နေသောကြောင့် စက်မှုလုပ်ငန်းများတွင် လူသန်းပေါင်းများစွာကို အလုပ်အကိုင်များ ပံ့ပိုးပေးလျက်ရှိသည်။

## ဝါစိုက်ပျိုးခြင်း

မြန်မာနိုင်ငံတွင် ဝါသီးနှံသည် အဓိကသီးနှံ ၁၀ မျိုးတွင် ပါဝင်ပြီး မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီများတွင် စိုက်ပျိုးနိုင်ပြီး မိုးကြိုရာသီတွင် ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်း၊ မိုးရာသီတွင် မေလလယ်မှ ဇွန်လကုန်အတွင်း မိုးနှောင်းရာသီတွင် ဇူလိုင်လလယ်မှ ဩဂုတ်လအတွင်း စိုက်ပျိုးလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ဝါကို ပျူခေတ်ကတည်းက စိုက်ပျိုးနေပြီဖြစ်ပြီး ဝါဂွမ်းမှ အဝတ်အထည်များ ရက်လုပ်သုံးစွဲနေပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းကပင် ချည်မျှင်တိုဝါမျိုးကို စိုက်ပျိုးခဲ့ကြသော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ချည်မျှင်ရှည်ဝါကို ကျယ်ကျယ်ပြန့်ပြန့် စတင်စိုက်ပျိုးခဲ့သည်။ ဝါသည် အပူပိုင်းဒေသတွင် ဖြစ်ထွန်းသော သီးနှံဖြစ်၍ မြန်မာနိုင်ငံတွင် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဖြစ်ထွန်းပြီး ယင်းဒေသများသည် ဝါအများဆုံး ထုတ်လုပ်သည့် ဒေသများဖြစ်သည်။ ထို့အပြင် နေပြည်တော်၊ ပဲခူး၊ ရှမ်းနှင့် ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။

## ဝါမှ ထုတ်လုပ်နိုင်သည့် တန်ဖိုးမြှင့်ထုတ်ကုန်များ

ဝါသီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီနှင့် ဆီကြိတ်ဖတ်များ ထုတ်လုပ်နိုင်သည်။ ရင့်မှည့်သော ဝါသီး (ဝါပေါက်)မှ ဝါစေ့နှင့် ဝါဂွမ်းကို ခွဲထုတ်ယူသည်။ ဝါဂွမ်းသည် အဝတ်အထည်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာနှင့် အခြားအထည်အလိပ်များ အပါအဝင် ထုတ်ကုန်အမျိုးမျိုး ပြုလုပ်ရန် အသုံးပြုသည့် သဘာဝအမျှင်တစ်မျိုးဖြစ်သည်။ တာယာ၊ ဆန်ခါများနှင့် စက္ကူကဲ့သို့သော စက်မှုထုတ်ကုန်များစွာတွင်လည်း အသုံးပြုသည်။ ဝါဂွမ်း၏ ၈၀ ရာခိုင်နှုန်းခန့်ကို အဝတ်အထည်များတွင် အသုံးပြုကြသည်။ အိမ်တွင်းအလှဆင်ပစ္စည်းများတွင် ၁၅ ရာခိုင်နှုန်းကို အသုံးပြုကြပြီး ကျန် ၅ ရာခိုင်နှုန်းမှာ စစ်ထုတ်ခြင်းနှင့် စုပ်ယူခြင်းကဲ့သို့သော အသုံးအဆောင်များအတွက် အများဆုံးအသုံးပြုကြသည်။ မိုးပြာရောင် ဂျင်း၊ ကော်ဇောနှင့် ကြမ်းခင်းအထည်များကဲ့သို့ လူအများနှစ်သက်သော အထည်များကို ဝါချည်ဖြင့် ပြုလုပ်ထားသည်။

ဝါစေ့တွင် မျိုးစိတ်နှင့် အရည်အသွေးပေါ် မူတည်၍ အဆီ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပါဝင်သည်။ အဆီတွင် မပြည့်ဝဆီ ၇၀ ရာခိုင်နှုန်းခန့် ပါဝင်သည်။ သန့်စင်ထားသော ဝါစေ့ဆီသည် အရသာရှိပြီး နူးညံ့သော ရွှေရောင်ရှိသည်။ ဝါစေ့သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး တိရစ္ဆာန်အစာအတွက် အသုံးပြုသည်။ ဝါစေ့ကို ပြန်လည်စိုက်ပျိုးရန် မျိုးအဖြစ်လည်းကောင်း၊ ဆီကြိတ်၍ စားသုံးဆီအဖြစ် လည်းကောင်း၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အလှကုန်များကဲ့သို့သော ဆီအခြေခံ ထုတ်ကုန်များစွာပြုလုပ်ရန် စက်မှုကုန်ကြမ်းသုံးဆီအဖြစ်လည်းကောင်း၊ ဝါစေ့ဆီ ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်လည်းကောင်း အသုံးပြုကြသည်။

## မကွေးတိုင်းဒေသကြီးအတွင်း ဝါတန်ဖိုးမြှင့်ထုတ်ကုန်များ

မကွေးတိုင်းဒေသကြီးအတွင်းတွင် ဝါတန်ဖိုးမြှင့် ထုတ်ကုန်များအနေဖြင့် စီးပွားဖြစ် ထုတ်လုပ်နိုင်မှုမရှိသော်လည်း ဝါသီးနှံမှ ဝါဂွမ်းဖတ်အဖြစ် ထုတ်လုပ်ပြီး ထွက်ရှိသည့် ဝါဂွမ်းဖတ်များကို မန္တလေးချည်မျှင်စက်ရုံ၊ ပလိပ်ချည်မျှင်စက်ရုံ၊ မိတ္ထီလာချည်မျှင်နှင့် အထည်စက်ရုံများသို့ ရောင်းချလျက်ရှိသည်။ အောင်လံ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်နှင့် ပခုက္ကူမြို့နယ်များရှိ ဝါကြိတ်စက်ရုံများမှ စက်ရုံတစ်ရုံလျှင် တစ်နှစ်ပျမ်းမျှ ဝါပိဿာချိန် ရှစ်သိန်းမှ ၁၀ သိန်းအထိ ကြိတ်ခွဲနိုင်ပြီး ဝါသုံးပိဿာ ကြိတ်လျှင် ဝါဂွမ်းဖတ် တစ်ပိဿာထွက်ရှိကြောင်းလည်း သိရသည်။

## မကွေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ဧကများနှင့် အထွက်နှုန်းနှိုင်းယှဉ်ချက်

မကွေးတိုင်းဒေသကြီးအတွင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ချည်မျှင်ရှည်ဝါစိုက်ဧက ၂၄၁၁၅၃ ဧက စိုက်ပျိုးနိုင်ခဲ့၍ ရိတ်သိမ်းနိုင်မှုအနေဖြင့် ဧက ၂၄၁၁၃၀ ရိတ်သိမ်းနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၁၃၃၃၄၄၂၂၂ ပိဿာ ထွက်ရှိခဲ့သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၁၁၃၂၃၅၁၈၂ ပိဿာထွက်ရှိခဲ့၍ ယခင်နှစ် အထွက်နှုန်းနှင့်နှိုင်းယှဉ်ပါက ပိဿာ ၂၀၁၀၉၀၄၀ အထွက်တိုးခဲ့ကြောင်း သိရသည်။

## မြန်မာနိုင်ငံ၏ ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်း

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဝါသီးနှံအထွက်တိုးရေးကို ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးမြင့်မားသည့် ချည်ထည်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။ ဈေးကွက်ဝယ်လိုအားရှိသည့် ချည်မျှင်ရှည်ဝါ များတိုးတက်စိုက်ပျိုးထုတ်လုပ်ရန်၊ ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများအတွက် အရည်အသွေးကောင်းဝါများ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပမှ ဝါဂွမ်းနှင့် ချည်များတင်သွင်းမှုကို လျှော့ချရန်၊ ဝါသီးနှံတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ပြီး ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ ကုန်ထုတ်လုပ်မှု မြင့်မားစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်း ကာလကို ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ သတ်မှတ်ထားပြီး စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီ နယ်မြေဒေသတို့ကို စီမံကိန်းဒေသများအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယခု ၂၀၂၄-၂၀၂၅ ခုနှစ် မိုးကြိုကာလ၊ မိုးကာလနှင့် မိုးနှောင်းကာလ ဝါစိုက်ပျိုးရာသီများတွင် စီမံကိန်းဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုရှိ ဝါသီးနှံ စိုက်ပျိုးရေးဇုန် ၁၉ ခုတွင် ဝါစိုက်ဧက ၆၁၂၇၁၂ ဧက စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဝါသီးနှံကို နှစ်စဉ် တိုးမြှင့်စိုက်ပျိုးလျက်ရှိပြီး စီမံကိန်းကာလ ပြည့်မြောက်ပြီးနောက် ၂၀၂၇-၂၀၂၈ ခုနှစ်တွင် ဝါသီးနှံစိုက်ပျိုးဧရိယာကို ဧက ၇၄၇၀၀၀ အထိ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ တစ်ဧက ဝါအထွက်နှုန်း ပိဿာချိန် ၇၀၀ ထွက်ရှိရေးအတွက် ဝါသီးနှံ စိုက်ပျိုးရေးဇုန်အလိုက် တာဝန်ခံများ ခန့်ထားတာဝန်ပေးအပ်ပြီး အထွက်တိုးရေး ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

ဝါသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် အဓိကကျသည့် မျိုး၊ မြေ၊ ရေ၊ နည်းတို့နှင့် ပတ်သက်ပြီး တွေ့ကြုံရနိုင်သည့် အခက်အခဲများ၊ အဟန့်အတားများအတွက် သမဝါယမစနစ်ကို အခြေခံ၍ သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များ၊ ဝါစိုက်တောင်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရမှလည်း ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ပြည်တွင်းလယ်ယာထွက်ကုန်သီးနှံများ ပိုမိုထုတ်လုပ်မှုမြင့်မားလာရေးအတွက် ဝါသီးနှံမှာလည်း အဓိကပါဝင်ခဲ့ရာ သက်ဆိုင်ရာဌာနများမှ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မျိုးကောင်း၊ မျိုးသန့်များနှင့် သွင်းအားစုများအတွက် ကွင်းဆင်းဆောင်ရွက် ပံ့ပိုးပေးသည့်အပြင် ထွက်ရှိသောဝါသီးနှံများကို ထုတ်လုပ်သူ၊ ဝါလုပ်ငန်းရှင် (ဝါကြိတ်စက်ပိုင်ရှင်) အား အရည်အသွေးမီ ဝါဂွမ်းဖတ်ထုတ်လုပ်နိုင်ရေး အားပေးကူညီဆောင်ရွက်လျက်ရှိသည့်အတွက် ဝါစိုက်ပျိုးထုတ်လုပ်မှု၏ နောက်ဆက်တွဲတွင် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များ၊ အထည်ချုပ်လုပ်ငန်းများကိုလည်း တိုးတက်မြင့်မားလာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဝါကြိတ်ခွဲစက်များမှ ဂွမ်းနှင့် ဝါစေ့တို့ထွက်ရှိလာပြီး ဝါစေ့မှ ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာ ဝါကြိတ်ဖတ်တို့ ထုတ်လုပ်နိုင်ရာ ဝါစိုက်ပျိုးမှုနှင့်ဆက်စပ်၍ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSMEs) များစွာတို့ ဖြစ်ထွန်းနိုင်ခြင်းကြောင့် အောင်အောင်မြင်မြင် ရေရှည်တည်တံ့ ရှင်သန်နိုင်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) လုပ်ငန်းများ များပြားလာပါက နိုင်ငံတွင်းမှသည် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်က ရည်မှန်းဆောင်ရွက်နေသည့် ဝါစိုက်ပျိုးဧကများ နှစ်စဉ် ပိုမို စိုက်ပျိုးထွက်ရှိရေး၊ ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များ ဖွံ့ဖြိုးရေး၊ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးရေးတို့အတွက် ဌာနတာဝန်ရှိသူများ၊ တောင်သူများ၊ လုပ်ငန်းရှင်များအားလုံးက ကျရာကဏ္ဍမှ တာဝန်ယူ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# လုပ်ငန်းရှင်များ ပို့ကုန်ရငွေနှင့် စပ်လျဉ်း၍ သိရှိလိုက်နာရမည့် အချက်များ ဗဟိုဘဏ် ထုတ်ပြန်

ပို့ကုန်တင်ပို့သည့် ကုမ္ပဏီအချို့သည် ပို့ကုန်ဆိုင်ရာ နောက်ဆုံး အချက်အလက်များကို မသိရှိခြင်း၊ ပို့ကုန်လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ Agent များနှင့် ကုမ္ပဏီ၏ဝန်ထမ်းအချို့ကို အလုံးစုံလွှဲအပ်ထားသဖြင့် မိမိကုမ္ပဏီအမည်ခံ၍ အခြားကုမ္ပဏီက ပို့ကုန်တင်ပို့ထားခြင်း၊ ပို့ကုန်ရငွေသည် ဘဏ်သို့ဝင်ရောက်ပြီးဖြစ်သော်လည်း ဘဏ်နှင့် စာရင်းရှင်းရမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းခြင်းမရှိ၍ သတ်မှတ်ကာလအတွင်း ပို့ကုန်ဝင်ရောက်ရန် ကျန်ရှိသော စာရင်းတွင် ပါရှိသဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ ဝင်များသည် အရေးယူခံရခြင်းနှင့် အမည်မည်းစာရင်း ထည့်သွင်းခံရခြင်း ကိစ္စရပ်များ ဖြစ်ပေါ်လျက်ရှိသောကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေနှင့် စပ်လျဉ်း၍ သိရှိလိုက်နာရမည့် အချက်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေနှင့်စပ်လျဉ်း၍ သိရှိလိုက်နာရမည့် အချက်များပို့ကုန်တင်ပို့သည့် ကုမ္ပဏီအချို့သည် ပို့ကုန်ဆိုင်ရာ နောက်ဆုံးအချက်အလက်များ (Update Information) ကိုမသိရှိခြင်း၊ ပို့ကုန်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ Agent များနှင့် ကုမ္ပဏီ၏ ဝန်ထမ်းအချို့ကို အလုံးစုံလွှဲအပ်ထားသဖြင့် မိမိကုမ္ပဏီအမည်ခံ၍ အခြားကုမ္ပဏီက ပို့ကုန်တင်ပို့ထားခြင်း၊ ပို့ကုန်ရငွေသည် ဘဏ်သို့ဝင်ရောက်ပြီးဖြစ်သော်လည်း ဘဏ်နှင့်စာရင်းရှင်းရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းခြင်းမရှိ၍ သတ်မှတ်ကာလအတွင်း ပို့ကုန်ဝင်ရောက်ရန် ကျန်ရှိသောစာရင်းတွင် ပါရှိသဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်များသည် အရေးယူခံရခြင်းနှင့် အမည်မည်းစာရင်း ထည့်သွင်းခံရခြင်းကိစ္စရပ်များ ဖြစ်ပေါ်လျက်ရှိသောကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေနှင့်စပ်လျဉ်း၍ အောက်ပါအချက်အလက်များအား သိရှိလိုက်နာရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါ ပို့ကုန် လိုင်စင်ရရှိပြီးပါက ပြည်ပကုန်ဝယ်သူနှင့် Sales Contract ချုပ်ဆိုမည်ဖြစ်သဖြင့် Sales Contract ချုပ်ဆိုပြီးပါက ဆိပ်ကမ်းမှ ကုန်ပစ္စည်းတင်ပို့သည့်အချိန်တွင် ပို့ကုန်လိုင်စင်၊ ကုန်ပစ္စည်း၊ Sales Contract ပါဈေးနှုန်း စသည်တို့အား စိစစ်ပြီးမှသာ အကောက်ခွန်ဦးစီးဌာနမှ ပို့ကုန်ကြေညာလွှာ (Export Declaration-ED) ကို ထုတ်ပေးမည်ဖြစ်သည်။

ပို့ကုန်တင်ပို့သူသည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ (FEML) ပုဒ်မ ၃၈-ခ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်း (FEMR) အပိုဒ် ၃၅ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၅-၁၂-၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့အရ "အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပို့ကုန်တင်ပို့သူ၏ ဘဏ် ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရမည်"ဟု ပြဋ္ဌာန်းထားသည်။ ပြန်လည်ဝင်ရောက်ခြင်းမရှိပါက FEML ပုဒ်မ ၄၂-က အရ တရားစွဲဆိုနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်သည်။

ပို့ကုန်တင်ပို့ပြီး အကောက်ခွန်ဦးစီးဌာနမှ ED နံပါတ်ထွက်သည့်နေ့မှစ၍ အာရှနိုင်ငံများသို့ တင်ပို့ပါက ပို့ကုန်ရငွေသည် ရက်ပေါင်း ၃၀ အတွင်း၊ အာရှပြင်ပနိုင်ငံများသို့ တင်ပို့ပါက ရက်ပေါင်း ၆၀ အတွင်း ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်း ရှိ/မရှိကို ဗဟိုဘဏ်၏ Foreign Exchange Management System (FEMS) ဖြင့် အကောက်ခွန်ဦးစီးဌာန၏ MACCS System မှပေးပို့သော ED များအား စိစစ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်သည် ပို့ကုန်တင်ပြီး သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီစာရင်းနှင့် ED List များအား FEMS စနစ်တွင် စိစစ်တွေ့ရှိချက်အရ ဘဏ်အလိုက် စာရင်းပြုစုပြီး AD လိုင်စင်ရဘဏ်များသို့ ပေးပို့ပါသည်။ AD လိုင်စင်ရဘဏ်များမှ သက်ဆိုင်ရာ Exporter ကုမ္ပဏီများနှင့် ဆက်သွယ်၍ စာရင်းရှင်းလင်းခြင်းကို နောက်ဆုံးရက် သတ်မှတ်ပြီး ဆောင်ရွက်ကြောင်း သိရသည်။

သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရေးအတွက် အဆိုပါကုမ္ပဏီများထံ နှိုးဆော်အကြောင်းကြားခြင်းနှင့် လိုက်နာမှုမရှိပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်လက်မှတ်ယာယီပိတ်သိမ်းခြင်းနှင့် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပို့ကုန်ရငွေနှင့် ဆက်စပ်သည့် အဖွဲ့အစည်းများသို့ အကြောင်းကြားသည်။

သတ်မှတ်ထားသော နောက်ဆုံးကာလအထိ ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းခြင်း မရှိသည့် ကုမ္ပဏီများနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းခြင်းကို ဆက်လက်ဆောင်ရွက်ကြောင်း ဖော်ပြထားသည်။

ပို့ကုန်ရငွေ ဝင်ရောက်ကြောင်း သက်ဆိုင်ရာ AD လိုင်စင်ရဘဏ်မှ မိမိကုမ္ပဏီသို့ အကြောင်းကြားလာပါက မည်သည့် ED အတွက် ဝင်ရောက်သည့် ပို့ကုန်ရငွေဖြစ်ကြောင်း မိမိကုမ္ပဏီမှ သက်ဆိုင်ရာဘဏ်သို့ ပြန်လည်၍ အကြောင်းကြားမှသာလျှင် ဘဏ်မှ ED စာရင်းချေမည်ဖြစ်ပြီးအဆိုပါ ED အတွက် ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာဘဏ်သို့ ပို့ကုန်ရငွေ ဝင်ရောက်သည့်အချိန်တွင် ဘဏ်သို့ဝင်ရောက်လာသည့် ငွေသည် မည်သည့် ED အတွက်ဖြစ်ကြောင်းနှင့် အထောက်အထားများဖြစ်သည့် ED၊ Sale Contract၊ Invoice၊ B/L စသည်တို့နှင့်အတူ ဘဏ်သို့ အမြန်ဆုံးသွားရောက် စာရင်းရှင်းလင်းရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။

ကိုတိုး-စုစည်းသည်



# ပြည်ပနိုင်ငံများသို့ မြန်မာ့ရော်ဘာတန်ချိန် သုံးသိန်းရှစ်သောင်းခန့် တင်ပို့ရန်လျာထား

ယခုဘဏ္ဍာနှစ်တွင် ပြည်တွင်းမှ ထုတ်လုပ်သော မြန်မာ့ရော်ဘာများကို ပြည်ပသို့ တန်ချိန် ၃၈၀၀၀၀ ခန့် တင်ပို့နိုင်ရန် လျာထားကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

နှစ်စဉ် ပြည်တွင်းမှထုတ်လုပ်သော ရော်ဘာများ၏ ၆ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း၌ အသုံးပြုပြီး ၉၄ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိကာ တရုတ်နိုင်ငံသို့ ၇၅ ရာခိုင်နှုန်းနှင့် ကျန် ၁၉ ရာခိုင်နှုန်းကို မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ အိန္ဒိယနှင့် ဗီယက်နမ် စသည့်နိုင်ငံများသို့ အဓိကထား တင်ပို့လျက်ရှိသည်။

ပြည်တွင်း၌ အရည်အသွေး ပြည့်မီသော အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်ကာ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်စေရန် ရော်ဘာလုပ်ငန်းရှင်များကို နိုင်ငံတော်မှ ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်းနှင့် အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးထားသော ရော်ဘာမှိုင်းရုံလုပ်ငန်းရှင်များကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

ပြည်တွင်း၌ ရော်ဘာပင်ကို မွန်ပြည်နယ်၌ အများဆုံးစိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌လည်း ရော်ဘာပင်များ အများအပြားစိုက်ပျိုးထားသည့်အပြင် ယခုနောက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ ဒေသတချို့တွင်လည်း ရော်ဘာခြံများ စိုက်ပျိုးလာကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လအထိ ရော်ဘာတန် ချိန်ပေါင်း ၃၂၆၀၀၀ တင်ပို့ရန် လျာထားခဲ့ပြီး တန်ချိန် ပေါင်း ၃ သိန်းဝန်းကျင် တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိခဲ့ကြောင်း သိရသည်။

# MTSH မှ အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ကျပ် ၁၉၀ နှုန်း ခွဲဝေပေးမည်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MTSH) မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြု အမြတ်ဝေစုပမာဏကို၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှ သာမန်အစုရှယ်ယာ တစ်စုလျှင် ကျပ် ၁၉၀ နှုန်းခွဲဝေရန် ဆုံးဖြတ်ကြောင်း အသိပေး ကြေညာခဲ့သည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ZOOM application ကို အသုံးပြု၍ online platform ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်လည်း အစုရှယ်ယာရှင်များအား အဆိုပါ အမြတ်ဝေစုပမာဏကို ခွဲဝေပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာသွားမည်ဖြစ်သည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် အဆိုပါ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ဩဂုတ် ၇ ရက်အထိ အရောင်းအဝယ် ပြုလုပ်ထားပြီး ဩဂုတ်၁၂ ရက်တွင် အမြတ်ဝေစု ခံစားခွင့်ရရှိမည့် အစုရှယ် ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစုရှယ်ယာရှင်များထံ အမြတ်ဝေစုပေးမည့်နေ့ကို(၁၂ကြိမ်)ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပပြီးသည့်နောက်တွင် အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း (YSX) စာရင်းဝင် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း (MTSH) အများပိုင် ကုမ္ပဏီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသားတင်အမြတ်ရရှိမှု ငွေကျပ် ၁၁ ဒသမ ၈ ဘီလီယံအထိ တိုးတက်လာကြောင်း နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။

# “အသေးစား၊ အလတ်စား လုပ်ငန်းတွေ ဒီထက်မက ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးဖို့ အကြံပြု ပြောကြားလိုပါတယ်”

## သဘာ၀ သက်သတ်လွတ် စားသောက်ကုန်လုပ်ငန်းတည်ထောင်သူ ဒေါ်သင်ဇာနှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စား လုပ်ငန်းများ အများဆုံး ပါဝင်လျက်ရှိသည်။ သို့ဖြစ်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ရပ်တည်မှုအခြေအနေများ၊ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ပြည်တွင်းဈေးကွက်ထဲတွင် သက်သတ်လွတ် စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် သဘာ၀ သက်သက်လွတ် စားသောက်ကုန်လုပ်ငန်း တည်ထောင်သူ ဒေါ်သင်ဇာ နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**သဘာ၀ သက်သတ်လွတ် စားသောက်ကုန်လုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံလေး ပြောပြပေးပါဦး။**

ဒီလုပ်ငန်းကို ၂၀၁၉ ခုနှစ်မှာ စတင်လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ ကိုဗစ်ကာလမတိုင်ခင်ကတည်းက မှိုနဲ့ပတ်သက်တာလေးတွေကို စတင်လုပ်ကိုင်ခဲ့တာပါ။ ကိုဗစ်ကာလမှာကျတော့ ထုတ်ကုန်အပိုင်းမှာ မှိုနဲ့ပတ်သက်ပြီး ခက်ခဲခဲ့တယ်။ ဒီအတိုင်း ကုန်ကြမ်းကိုချည်းပဲ ရောင်းနေလို့တော့မရဘူး။ Value-Added လုပ်ရမယ်ပေါ့နော်။ အဲဒီ မှာ မှိုလေးတွေကို စပြီးလုပ်ကိုင်ဖြစ်တာပေါ့။ ကိုဗစ်ကာလမှာလည်း ကျွန်မက သက်သတ်လွတ်ပဲ စားတယ်။ အဲဒါနဲ့ ကျွန်မလိုမျိုး သက်သတ်လွတ်စားတဲ့သူတွေအတွက် ရယ်ဒီမိတ်လုပ်ပေးဖြစ်ရင် ကောင်းမယ်ဆိုပြီးတော့ ထုတ်ကုန်လေးတွေကို စပြီးထုတ်ဖြစ်တာပေါ့။ စလုပ်တုန်းကတော့ မှိုနဲ့ပတ်သက်ပြီး မှိုအကြွပ်ကြော်ဆိုပြီး နှစ်မျိုးလောက်တော့ လုပ်လိုက်တယ်။ နောက်ပိုင်းကျတော့ အရသာတွေ ပိုပြီးရလာအောင်ဆိုပြီး တိုးပြီး လုပ်လာတာ မှိုနဲ့ပတ်သက်ပြီး ထုတ်ကုန် ၁၀ မျိုးလောက်ထိဖြစ်သွားတယ်။ နောက် မုန့်ဟင်းခါး၊ ဆီချက်၊ အုန်းနို့ခေါက်ဆွဲတို့ထိ တိုးပြီးတော့ လုပ်ကိုင်လာတာ ယနေ့အထိပါပဲ။

**ဒီလိုမျိုး သက်သတ်လွတ် စားသောက်ကုန်တွေ ထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်လေး သိပါရစေ။**

အဓိက ရည်ရွယ်ချက်က ကျွန်မလိုမျိုး သက်သတ်လွတ် စားတဲ့သူတွေကို အဆင်ပြေစေချင်တယ်။ ကျွန်မအနေနဲ့ ကုန်ကြမ်းကို ကုန်ချောပုံစံ လုပ်သွားချင်တယ်။ ထုတ်ကုန်တွေဆိုရင်လည်း အရည် အသွေး ကောင်းကောင်းလေးဖြစ်စေချင်တယ်။ ထုတ်ကုန်တွေမှာ စားအုန်းဆီမသုံးထားဘူး။ အချိုမှုန့်မပါဘူး။ သဘာ၀အရသာကို ရိုးရိုးလေးသုံးထားတာပေါ့နော်။ ထုပ်ပိုးမှုပုံစံနဲ့ပတ်သက်ပြီးတော့လည်း အကောင်းဆုံးဖြစ်အောင်လုပ်ထားပါတယ်။

**ထုတ်ကုန်တွေရဲ့ ကုန်ကြမ်းရရှိမှုအခြေအနေ ဘယ်လိုရှိပါသလဲ။**

စလုပ်တုန်းကတော့ မှိုကို ရောစပ်(Mix) လုပ်ပြီးတော့ စလိုက်တယ်။ ထုတ်ကုန်တွေရဲ့ ကုန်ကြမ်း တော်တော်များများက ပြည်တွင်းက ရတာချည်းပဲ။ ပြည်ပက ရတာ နည်းနည်းပါးပါးလောက်ပဲရှိပြီး ကျန်တဲ့ဟာတွေကတော့ ပြည်တွင်းကချည်းပဲ။ ကြက်သွန်၊ အာလူး၊ငရုတ်သီး၊ မုန့်ဟင်းခါးဆို၊ ခေါက်ဆွဲ အကုန်လုံးပြည်တွင်းကချည်းပဲ။ ဆိုတော့ ပြည်တွင်းက ကုန်ကြမ်းတွေကို





အခြေခံပြီး ထုတ်ကုန်တွေကို သုံးထားတယ်။ တတ်နိုင်ရင် ကိုယ့်ပြည်တွင်းက ဟာတွေကိုပဲ အဓိကထားပြီး သုံးဖို့ရည်ရွယ်ထားတယ်။ ထုပ်ပိုးမှုပုံစံနဲ့ပတ်သက်ပြီး သက်သတ်လွတ် ထုတ်ကုန်တွေသည် သက်သက်လွတ်စားတဲ့တော်တော် များများက ကိုယ်ချင်းစာတရားနဲ့စားကြတယ်။ ဘာသာရေးအရ စားကြတယ်။ ဒီလိုမျိုး စားတာနဲ့ပတ်သက်ပြီး ပုံစံအမျိုးမျိုးရှိကြပါတယ်။ ဒါပေမယ့် သဘာ၀ ပတ်ဝန်းကျင်မထိခိုက်အောင် စဉ်းစားလိုက်တဲ့အခါကျတော့ ထုပ်ပိုးမှုမှာ စက္ကူကို အခြေခံပြီးထုပ်ပိုးထားပါတယ်။

**ပြည်တွင်းဈေးကွက်ထိုးဖောက်မှု အခြေအနေ ဘယ်လိုရှိပါသလဲ။**

စပြီး ဈေးကွက်ကို ထိုးဖောက်တုန်းကတော့ ဈေးကွက်က မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သက်သတ်လွတ်စားတဲ့ သူတွေက နည်းတာလည်းပါတယ်။ ကျွန်မတို့က awareness လုပ်နိုင်တာ နည်းတာလည်းပါတော့ သက်သတ်လွတ်ဆိုရင် စားရတာ ခက်တယ်လို့မြင်ကြတာပေါ့။ နောက်ပိုင်း တဖြည်းဖြည်း သိလာတဲ့အခါကျတော့ တွင်ကျယ်လာတာပေါ့။ အသေးစား၊ အလတ်စားလုပ်ငန်းတွေအခြေအနေမှာက အိမ်ရှင်မတွေက ချက်ရေးပြုတ်ရေးနဲ့အချိန်ကုန် တော့ အိမ်မှာ ငံပြာရည်ကြော်လည်း ကောင်းကောင်းကြော်တတ်တော့ ကြော်လိုက်တယ်။ အဲလိုကြော်ရင်း နီးစပ်ရာကို ရောင်းတယ်။ အဲဒီကတော့ တဖြည်းဖြည်းနဲ့ အသေးစား၊ အလတ်စားလုပ်ငန်းလေးတွေဖြစ်လာကြတာပေါ့။ ကျွန်မတို့အနေနဲ့လည်း ဒီလိုပုံစံမျိုး သွားနေကြတယ်။ တစ်ဆင့်ချင်း တစ်ဆင့်ချင်း သွားလာတယ်။ ကိုယ့်ကိုယ်ကိုလည်း active ဖြစ်အောင် လုပ်တယ်။ Safety ကို လိုက်နာတယ်။ စားသောက်ကုန်ဆိုတာ Safety ကို ကောင်းကောင်းလိုက်နာရတယ်။

**ထုတ်ကုန်တွေကို ဘယ်ဒေသတွေက အများဆုံး ဝယ်ယူလျက်ရှိပါသလဲ။**

ကျွန်မမှာ လက်လီလည်းရှိသလို လက်ကားလည်းရှိပါတယ်။ အချို့မှုန့်ဆိုလည်း ကျန်းမာရေးအရ မစားကြတဲ့သူတွေရှိတယ်။ ဒီလိုမျိုး သက်သက်လွတ်ထုတ်ကုန်တွေကို တစ်ယောက်နဲ့ တစ်ယောက်ပြောကြရင်းနဲ့ပဲ သိလာကြတာ။ အဲလိုနဲ့ ဈေးကွက်တွင်ကျယ်လာတယ်။ ပြည်ပရောက်နေတဲ့ မြန်မာတွေ တော်တော်များများကလည်း အစားအသောက်နဲ့ ပတ်သက်ရင် sensitive ဖြစ်

**တိုပ္ပ**

တယ်။ အစားအသောက်နဲ့ပတ်သက်လာရင် Safety ပိုင်း၊ အရသာပိုင်းတွေ ပိုနားလည်လာတဲ့အခါကျတော့ မြန်မာပြည်တွင်းမှာရှိနေတဲ့ brand တွေထဲကနေပြီးတော့ စိတ်ချရတဲ့ အစားအသောက်တွေကို မှာယူကြတယ်။ ကျွန်မရဲ့ ထုတ်ကုန်တွေကလည်း ပြည်ပရောက်နေတဲ့ မြန်မာတွေတော်တော်များများ မှာကြတယ်။ ပြည်တွင်းမှာဆိုရင်လည်း သက်သတ်လွတ်စားချင်တဲ့သူရော အရည်အသွေးကောင်းတဲ့ဟာကို စားချင်တဲ့သူရော စားကြတယ်။တချို့ဆို ကလေးတစ်ဖက်နဲ့ဆိုတော့ မအားကြဘူး။ အဲလိုကျတော့ သက်သတ်လွတ် စားသောက်ကုန်တွေကို အလွယ်တကူ စားလို့ရအောင် ဝယ်ထားကြတယ်။ အလွယ်တကူ ဝယ်လို့လွယ်အောင်လည်း စီတီးမတ်၊ စိန်ဂေဟာ၊ စူပါဝမ်းတို့မှာလည်း တင်ထားပါတယ်။ နောက်ဆို စီးတီးမောလ်တို့ မားကက်ပလေ့စ်တို့မှာလည်း ရတော့မှာ ဖြစ်ပါတယ်။

**သက်သတ်လွတ် စားသောက်ကုန်တွေကို ဘယ်လိုမျိုး ရည်ရွယ်ချက်နဲ့ ထုတ်လုပ်ဖြစ်တာပါလဲ။**

ကျွန်မအနေနဲ့ကတော့ ကိုယ်စားသလိုပဲ သက်သတ်လွတ်စားစေချင်တယ်။ သက်သတ်လွတ်ဆိုတာထက် သန့်သန့်ရှင်းရှင်းလေး ကျွေးချင်တယ်။ စားတဲ့ဆီကအစ နေကြာဆီပဲ ထည့်ပြီးသုံးတယ်။ နောက်ပြီး ကျွန်မတို့နိုင်ငံမှာ သက်သတ်လွတ်နဲ့ပတ်သက်ပြီး ဈေးကွက်က အများကြီး မရှိသေးဘူး။ ဈေးကွက်က မရှိသေးတဲ့အခါကျတော့ သိပ်မရောင်းရဲကြသေးဘူး။ စားသုံးတဲ့ဦးရေကလည်း နည်းသလို အလေ့အထလည်း နည်းတာပါတာပေါ့။ သူများနိုင်ငံမှာကျတော့ သက်သတ်လွတ်ထုတ်ကုန်ဆိုတာ သီးသန့်ကိုရှိတယ်။ KFC တောင်မှ သက်သတ်လွတ် ဟမ်ဘာဂါရတယ်။ အခုနောက်ပိုင်းလည်း လူတွေက အသားစားတာကို လျှော့လာကြတယ်။ အနောက်နိုင်ငံတွေမှာဆိုရင်လည်း သက်သတ်လွတ်စားတဲ့ပုံစံတွေ လုပ်နေကြတယ်။ နောက်ပိုင်း ခေတ်စားလာကြပြီဖြစ်ပါတယ်။

**အသေးစား၊ အလတ်စား လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင် ပြောပြပေးပါဦး။**

နည်းပညာနဲ့ပတ်သက်ပြီး လိုအပ်ချက်လေးတွေလည်း အများကြီးရှိတာပေါ့။ တချို့ဟာတွေဆိုလို့ရှိရင်လည်း ထုပ်ပိုးမှုနဲ့ပတ်သက်ပြီး ကြာရှည်ခံလို့ရအောင်လုပ်လို့ရတဲ့ နည်းပညာတွေလိုအပ်သေးတယ်။ ဒါပေမယ့် ကိုယ်လက်လှမ်းမီနိုင်လောက်တဲ့ နည်းပညာနဲ့ သွားထားရတာပေါ့။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့လည်း အခက်အခဲရှိပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ ထုတ်ကုန်တွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားထုတ်နေတယ်။ အသေးစား၊ အလတ်စားလုပ်ငန်းတွေကလည်း ဒီလိုပဲ တစ်ယောက်နဲ့ တစ်ယောက် မှီခိုပြီးတော့ သွားနေကြတယ်။ အသေးစား၊ အလတ်စား လုပ်ငန်းတွေ ဒီထက်မက ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးဖို့ အကြံပြု ပြောကြားလိုပါတယ်။

# ဈေးကွက်ဝင် ကချင်ဒေသထွက် တစ်သျှူးငှက်ပျော



မြန်မာနိုင်ငံ၏ ရိုးရာဓလေ့တွင် အုန်းနှင့် ငှက်ပျောသည် မပါမဖြစ် အရေးပါသော သီးနှံများဖြစ်သည်။ မြန်မာနိုင်ငံသည် ငှက်ပျောမျိုးခွဲများစွာ ပိုင်ဆိုင်ထားပြီး မိရိုးဖလာ နည်းစနစ်အတိုင်း ဒေသငှက်ပျောမျိုးများကို သားတက်ဖြင့် မျိုးပွား၍ စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါ အပင်တစ်သျှူး မျိုးပွားထားသော ငှက်ပျောများကို ကျယ်ပြန့်စွာ စိုက်ပျိုးလာကြသည်။ တစ်သျှူးနည်းဖြင့် မျိုးပွားခြင်းဆိုသည်မှာ အပင်မျိုးတစ်မျိုး၏ မူလမျိုးရိုးဗီဇ လက္ခဏာ အရည်အသွေး မပြတ်စေဘဲ ယင်းအပင်၏ ဆဲလ်၊ အပင်အစိတ်အပိုင်းတစ်ခုကို ဓာတ်ခွဲခန်းတွင် မျိုးပွားခြင်းဖြင့် မိခင်အပင်နှင့် တစ်သွေမတိမ်း အရည်အသွေးရှိသည့် ဗီဇတူ အပင်ငယ်များကို အချိန်တိုကာလအတွင်း အမြောက်အမြား မျိုးပွားထုတ်လုပ်ခြင်းဖြစ်သည်။

တစ်သျှူးငှက်ပျောမျိုးများသည် မိခင်နှင့် မျိုးရိုးဗီဇ လက္ခဏာ ထပ်တူခြင်း၊ ပိုးမွှားရောဂါကင်းစင်သော အရည်အသွေး ကောင်းမွန်သည့် ငှက်ပျောခိုင်များ ထုတ်လုပ်နိုင်ခြင်း၊ ပုံမှန်သားတက်ဖြင့် မျိုးပွားသောငှက်ပျောမျိုးထက် ငှက်ပျောခိုင်ထွက်စောခြင်း၊ အပင်ကြီးထွားမှု ညီညာမှုကြောင့် ငှက်ပျောခိုင်ထွက်ချိန် ညီညာပြီး ဈေးကွက်သို့ တစ်ပြိုင်တည်း တင်ပို့ရောင်းချနိုင်ခြင်း၊ မိခင်အပင်မှ အကိုင်းခုတ်ပြီးနောက် သားတက်နှစ်ဆက် (လမိုင်းပင်)အထွက်နှုန်း အရည်အသွေး မလျော့ကျခြင်း၊ ဈေးကွက်လိုအပ်ချက် မြင့်မားသည့် အချိန်နှင့် ချိန်ညှိ စိုက်ပျိုးနိုင်သည့်အတွက် ဈေးကောင်း ရရှိနိုင်ခြင်း၊ စိုက်ပျိုးအပင်၏ ၉၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းအထိ ငှက်ပျောခိုင်ထွက်ရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် တစ်သျှူးငှက်ပျောကို စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

တစ်သျှူးငှက်ပျောစိုက်ပျိုးမည့် မြေသည် ရေသွင်းရေထုတ် ကောင်းမွန်၍ မြေဆီဩဇာ ကောင်းမွန်ပြီး အစိုဓာတ် လုံလောက်စွာရရှိရန် လိုအပ်သည်။ တစ်သျှူးငှက်ပျော စိုက်ပျိုးရန် ကောင်းမွန်သော မြေအမျိုးအစားမှာ နုန်းတင်မြေ၊ သဲနုန်းမြေနှင့် နုန်းမြေတို့ ဖြစ်ကြသည်။ တစ်သျှူးငှက်ပျောကို မစိုက်ပျိုးခင် မြေကို တစ်ပတ်ခန့်စော၍ ကြိုတင်ပြုပြင်ထားသင့်ပြီး ငှက်ပျောပင်သည် ရေကြိုက်သော်လည်း အပင်ရင်း ရေမဝပ်စေရန် ရေနုတ်မြောင်းများ ကြိုတင်ပြင်ဆင်ထားသင့်သည်။ တစ်သျှူးငှက်ပျောကို အပူချိန် နိမ့်လွန်း မြင့်လွန်းသောအချိန်မှလွဲ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရန် အသင့်လျော်ဆုံးအချိန်မှာ မေလနှင့် နိုဝင်ဘာလဖြစ်သည်။ တစ်သျှူးငှက်ပျောစိုက်ပျိုးရန် စိုက်ကျင်းကို အကျယ် တစ်ပေခွဲနှင့် အနက် တစ်ပေခွဲတူးပြီး မြေခံအနေဖြင့် မြေဆွေး၊ ကွန်ပေါင်း၊ ဖြူရာဒန်ထည့်၍ တစ်ပတ်ခန့် ရေနှင့်နှပ်ခါ ထားပေးရမည်။ ပျိုးပင်များကို ပင်ခြား ခြောက်ပေ၊ တန်းခြား ရှစ်ပေဖြင့် တစ်ကျင်းလျှင် တစ်ပင်နှုန်းဖြင့် တစ်ဧကလျှင် ပျိုးပင်ပေါင်း ၉၀၀ စိုက်ပျိုးရန် လိုအပ်သည်။ အရွက် ငါးရွက်ပါ ခြောက်ပတ်သား ပျိုးပင်ကို စိုက်ခင်းတွင် တိုက်ရိုက်စိုက်ပျိုးနိုင်ပြီး ငှက်ပျောပျိုးပြီး တစ်လအကြာမှစ၍ ငှက်ပျောပင်များကို အပင်ခြေမှ ခြောက်လက်မခွာ၍ မြေဩဇာကျွေးပြီး ရေသွင်းပေးရသည်။ ခြောက်လပြည့်သည့်တိုင်ရေသွင်းပေး၍ ခြောက်လပြည့်သည့်အခါ မြေဩဇာကျွေးခြင်း ရပ်တန့်ရသည်။ အပင် ခြောက်လသားသည် ပြုစုစောင့်ရှောက်မှု မှန်ကန်ပါက ငှက်ပျောဖူး စတင်ထွက်ရှိသည့်အချိန်ဖြစ်သည်။ ငှက်ပျောခိုင်ကို စိုက်ပျိုးပြီး ၁၁-၁၂ လအတွင်း ခုတ်နိုင်ပြီး ပထမ လမိုင်းပင်ကို မိခင်အပင် ရိတ်သိမ်းပြီးနောက် ၈-၁၀ လအတွင်း ရိတ်သိမ်းနိုင်၍ ဒုတိယလမိုင်းပင်ကို ပထမ လမိုင်းပင် ရိတ်သိမ်းပြီးနောက် ၈ လမှ ၉ လအတွင်း ရိတ်သိမ်းနိုင်သည်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောကို ဘိန်းအစားထိုး သီးနှံအဖြစ် စတင်စိုက်ပျိုးခဲ့ပြီး ကချင်ပြည်နယ်ရှိ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်၊ မန်စီမြို့နယ်၊ ရွှေကူမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ငအိုးမြို့နယ်တို့၌ အများဆုံး စီးပွားဖြစ် တွင်ကျယ်စွာ စိုက်ပျိုးလျက်ရှိသည်။ ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောစိုက်ပျိုးမှုအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစ်ကြီးနားခရိုင်၌ ၅၅၄၄၈ ဧက၊ ဗန်းမော်ခရိုင်၌ ၁၅၀၉၉ ဧက၊ စုစုပေါင်း ၇၀၅၄၇ ဧက စိုက်ပျိုးထားရှိပြီး တစ်သျှူးငှက်ပျော တစ်ဧကအထွက်နှုန်း ၁၃ တန်ခန့်ထွက်ရှိ၍ စုစုပေါင်း တန်၈၉၉၈၀၀ ခန့် ထွက်ရှိခဲ့သည်။ တစ်သျှူးငှက်ပျောပျိုးပင်ဝယ်ယူခြင်း၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးပြုစုခြင်း၊ သွင်းအားစု ဝယ်ယူခြင်း၊ ခူးဆွတ်ခြင်း၊ စုစုပေါင်း ကုန်ကျစရိတ် တစ်ဧက ကျပ်သိန်း ၁၅၀ ခန့်ကုန်ကျသည်။ ဈေးကွက်၌ တစ်သျှူးငှက်ပျော တစ်တန်လျှင် ကျပ် ၁၈ သိန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ တစ်သျှူးငှက်ပျော တစ်ဧက ဝင်ငွေအနေဖြင့် ကျပ် ၂၃၄ သိန်းခန့်ရရှိပြီး တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၈၄ သိန်းခန့် ရရှိကြောင်း တစ်သျှူးငှက်ပျော စိုက်ပျိုးသည့် လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

တစ်သျှူးငှက်ပျောကို ကချင်ပြည်နယ်အတွင်း ဧက ခုနစ်သောင်းကျော် စိုက်ပျိုးလျက်ရှိပြီး ငှက်ပျောတင်ပို့သည့် ကုမ္ပဏီ စုစုပေါင်း ၂၀ ကျော်ရှိကြောင်း၊ တစ်သျှူးငှက်ပျောသည် စိုက်ပျိုးသည့် လုပ်ငန်းရှင်များအတွက် အကျိုးအမြတ် ရရှိမှုကောင်းမွန်သည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်ရှိသော ပြည်ပပို့ကုန်သီးနှံဖြစ်သည့်အတွက် တစ်သျှူးငှက်ပျောအား ယခုထက် ပိုမိုစိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ **အောင်ဇေယျာ(ကချင်)**

## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန်ဈေး နှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၈၈၅၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၈၈၀၀၀၀ သို့လည်းကောင်း၊ ပဲစင်းငုံတစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၅၀၅၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၅၂၀၀၀၀ သို့လည်းကောင်း ပဲလွန်းဖြူ တစ်တန် ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၈၅၉၉၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၈၀၇၈၀၀ သို့လည်းကောင်း အသီးသီး ဈေးကျဆင်းသွားပြီး ပဲတီစိမ်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၅၅၃၇၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၃၈၀၁၀၀ သို့လည်းကောင်း ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲတို့အတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံနှင့် မတ်ပဲအား စီးပွားဖြစ်ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့၏ ဩဂုတ် ၂၉ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

SWTun (Domestic YGN TC)


၂၉.၈.၂၀၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွန်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄ ( ဩဂုတ်လ) | ၃၈၈၅၀၀၀ | ၅၀၅၀၀၀၀ | ၂၅၅၃၇၀၀ | ၂၈၅၉၉၀၀ |
| ၂ | ၂၀၂၅ (ဩဂုတ်လ) | ၂၈၈၀၀၀၀ | ၂၅၂၀၀၀၀ | ၃၃၈၀၁၀၀ | ၂၈၀၇၈၀၀ |

ဇစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ ဩဂုတ်လ ၂၉ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။



# ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းရမည့် မြန်မာတို့၏ သနပ်ခါး



မသဇင်(မအူပင်)

မြန်မာနိုင်ငံ အနှံ့အပြားတွင် ရိုးရာယဉ်ကျေးမှု မြောက်မြားစွာရှိသည်။ အချို့သော ရိုးရာယဉ်ကျေးမှုများသည် ပျောက်ကွယ်လုနီးပါးရှိနေပြီး မြန်မာ့ယဉ်ကျေးမှုကို မပျောက်ကွယ်စေရန် လူငယ်များ ဆက်လက်ထိန်းသိမ်းသင့်သည်။ အချို့ယဉ်ကျေးမှုများမှာ ယနေ့အထိ တည်ရှိပြီး တစ်ပတ်လည် ပြန်လည်အောင်မြင်ပေါ် ထွန်းလျက်ရှိသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များမှာ များစွာရှိပြီး ဂီတ၊ လက်မှုပညာ၊ အနုပညာ၊ ဘာသာသာသနာ၊ ယဉ်ကျေးမှု၊ ပန်းဆယ်မျိုး၊ ဒေသထွက်ကုန်တန်းဖိုးမြင့် ပစ္စည်းများ ယနေ့တိုင် တည်ရှိလျက်ရှိသည်။ ထိုရိုးရာအမွေအနှစ်များမှာ မြန်မာလူမျိုးတို့ နှစ်နှစ်ကာကာ တန်ဖိုးထားရသော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။

ရိုးရာအမွေအနှစ်များစွာထဲမှ စဉ်ဆက်မပြတ် အသုံးပြုလျက်ရှိသော သနပ်ခါးကို မြန်မာအမျိုးသမီးများ ယနေ့အချိန်ထိ တန်ဖိုးထား လိမ်းခြယ်လျက်ရှိနေသည်။ ယနေ့ခေတ်တွင် ခေတ်မီသော အလှကုန် ပစ္စည်းမျိုးစုံရှိနေသော်လည်း မြန်မာ့သနပ်ခါးမှာ မပျောက်ကွယ်သွားပေ။

မြန်မာနိုင်ငံတွင် သနပ်ခါးကို ပုဂံခေတ်က စတင်အသုံးပြုလာကြောင်း နံရံဆေးပန်းချီ အထောက်ထားများအရ သိရသည်။ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များမှစ၍ ယနေ့အထိ ခေတ်အဆက်ဆက် အသုံးပြုလာကြခြင်းဖြစ်သည်။ သနပ်ခါးချစ်သူများသည် သံစဉ်ဖွဲ့၍ တန်ဖိုးထားပြီး သနပ်ခါးလိမ်းခြယ်သော အမျိုးသမီးငယ်များကို ပိုးပန်းကြသည်အထိ သနပ်ခါးကို ကျား/မ မရွေး လူ့အလှ္မာတန်းစားမျိုးစုံ တန်ဖိုးထားနှစ်ခြိုက်ကြောင်း ဂီတမှတစ်ဆင့် ခံစား၍ ရနိုင်သည်။

သနပ်ခါးကို နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး လိမ်းခြယ်ကြသည်။ မြန်မာနိုင်ငံ မည်သည့်ဒေသမဆို သနပ်ခါးလိမ်းသော မျက်နှာကို မြင်တွေ့နိုင်ခြင်းက မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်ကြောင်း သက်သေတစ်ခုပင်ဖြစ်သည်။ ယနေ့ခေတ်တွင် Skin Care ကုန်ပစ္စည်းများ အသုံးပြုသူများသော်လည်း သနပ်ခါးနှင့် ကင်းစွာနေနိုင်သော အမျိုးသမီးအရေအတွက် နည်းပါးလွန်းသည်။ သနပ်ခါးလူးရန် အချိန်မပေးနိုင်သောသူများအတွက်လည်း အလွယ်တကူ အသင့်လိမ်းနိုင်ရန် တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအနေဖြင့် သနပ်ခါးဘူးများ ထုတ်လုပ်သည့် လုပ်ငန်းရှင်များလည်း ပေါ်ပေါက်လျက်ရှိပြီး မြန်မာ့ဈေးကွက်မှ ကမ္ဘာ့ဈေးကွက်ထိ ထိုးဖောက်နိုင်အောင် ကြိုးစားအားထုတ်နေသော ထုတ်ကုန်များလည်းရှိသည်။

မြန်မာနိုင်ငံတွင် အကြီးဆုံး သနပ်ခါး အမှတ်တံဆိပ်တစ်ခုမှ တစ်ကမ္ဘာလုံးမှာ တစ်ခုတည်းသော သနပ်ခါးပြတိုက်အဖြစ် ညောင်ဦး-ပုဂံလမ်းမကြီးတွင် တည်ရှိကြောင်း သိရသည်။ ကုန်းဘောင်ခေတ်နှင့် ပျူခေတ်က (သနပ်ခါးသွေးသည့်) ကျောက်ပြားနှင့်ဖြီး လိမ်းခြယ်သည့်ခုံကို ပြသထားကြောင်း သိရသည်။ ဧည့်သည်များအနေဖြင့် ပြတိုက်ထဲတွင် အသင့်ထားပေးသော သနပ်ခါးတုံးကို ကျောက်ပျဉ်အဝိုင်းပေါ်မှာ ကိုယ်တိုင်သွေးပြီး လိမ်းနိုင်သည်။ ထို့ပြင် ဘုရားစေတီ ပုထိုးများတွင် ဘုရားဖူးဧည့်သည်များ သနပ်ခါးလူးနိုင်ရန် ကျောက်ပျဉ်နှင့် သနပ်ခါးတုံးများထားရှိပြီး ခရီးသွားဧည့်သည်များက အမြတ်တနိုး လိမ်းခြယ်ကြကြောင်း မြင်တွေ့ရသည်။ ပုဂံဒေသတွင် နိုင်ငံတကာ ဧည့်သည်များ၊ မြန်မာခရီးသွားပြည်သူများအား သနပ်ခါး လိမ်းခြယ်ခြင်း အလှတရားကို တန်ဖိုးထား ပြသလျက်ရှိပြီး အမှတ်တရ လိမ်းခြယ်နေကြကြောင်း မြင်တွေ့နိုင်သည်။

### ပေါက်ရောက်ရာနိုင်ငံနှင့် ဒေသများ

သနပ်ခါးပင်သည် သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ အနောက်ပိုင်း၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသတို့တွင် ပေါက်ရောက်သည်။ သနပ်ခါးသည် အပူပိုင်းဒေသများတွင် ဖြစ်ထွန်းအောင်မြင်ကြောင်း သိရသည်။ သနပ်ခါးအပင်သည် မြန်မာနိုင်ငံမှထွက်သော သနပ်ခါးက အရည်အသွေး အကောင်းမွန်ဆုံးဖြစ်သည်။ မြန်မာနိုင်ငံ အပူပိုင်းဒေသဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ သနပ်ခါးပင်စိုက်ခင်းသစ် ပထမအကြိမ်ခုတ်၍ ရောင်းချပြီး သန်မာထွားကျိုင်းသည့် သားတက်များ ဆက်ခါဆက်ကာ ထားနိုင်သဖြင့် ဘိုးဘွားစဉ်ဆက် အဆင့်ဆင့် ခုတ်ယူရောင်းချပြီး ဝင်ငွေရသဖြင့် အပူပိုင်းပဒေသာပင်ဟူ၍ တင်စားပြီး အပူပိုင်းဒေသရတနာဟုခေါ် ဆိုနေကြသည်။ သနပ်ခါးပင်ကို ဂဝံကျောက်စရစ်မြေတွင် အဓိကစိုက်ပျိုးပြီး ရွှံ့ဆေးမြေ၊ ဆားပေါက်သောမြေများမှလွဲ၍ ကျန်မြေအမျိုးအစားများတွင် စိုက်ပျိုးနိုင်ကြောင်း သိရသည်။ သနပ်ခါးပင်သက်တမ်းမှာ ၅-၈နှစ် အရွယ်တွင် စတင်ဈေးကွက်ဝင်ကာ အရည်အသွေးအကောင်းဆုံး သနပ်ခါးပင်ရရှိရန် သက်တမ်း ၃၅ နှစ်ခန့်လိုသည်ဟု ဆိုကြသည်။

### သနပ်ခါး ဖြစ်ပေါ်လာပုံ

သက္ကရာဇ် ၇၄၅ ခုနှစ် ရာဇာဓိရာဇ်မင်းသည် ဗညားနွဲ့မင်းသားဘဝဖြင့် ဒဂုန်သို့ချီတက်ရာ ကြင်ရာတော်ထံ ရေးသားပေးပို့သည့် အိုင်ချင်းတွင် သနပ်ခါးအကြောင်းကို "သနပ်ခါးကျောက်ပြားပေါ်တွင် သောက်ရေအေးနှင့် ရောသွေးပါလျှင် နံ့သာအပေါ် ကဲ့တတ်တယ်"ဟု ရေးသားထားသည်။ မြိုင်မြို့နယ်တွင် သနပ်ခါးနှင့်ပတ်သက်သည့် ပါးစပ်ရာဇဝင်တစ်ခုကိုလည်း သိမှတ်ရသည်။ အလောင်းစည်သူမင်းကြီး ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်လာစဉ် ပခန်းဒေသရှိရှင်မတောင်အရောက်တွင် မိဖုရားအသုံးပြုသော သနပ်ခါးအစ်တိမ်းမှောက်ရာ သနပ်ခါးအရည်များ ဖိတ်စဉ်ကျကျန်ခဲ့သည်။ ဖိတ်ကျန်ခဲ့သော သနပ်ခါးအရည်များကြောင့် ရှင်မတောင်တွင် ပေါက်ရောက်နေသော သနပ်ခါးပင်များ မွှေးကြိုင်ထုံသင်းကြသည်ဟု မှတ်သားရသည်။ ထိုအကြောင်းအရာ အချက်အလက်များသည်လည်း မြန်မာတို့သနပ်ခါးလိမ်းသည့် ရိုးရာယဉ်ကျေးမှုဓလေ့ ဖြစ်တည်ခဲ့မှုကို ပြသနေခြင်းပင်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၀၅

အီးမေးလ် - mmcc.office@commerce.gov.mm

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# မူကြမ်း ၇၃ ခုကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြု သတ်မှတ်

အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းလာစေရေးအတွက် အဓိကမဏ္ဍိုင်များဖြစ်သည့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊ တိကျတိုင်းတာခြင်းနည်းပညာ၊ ဓာတ်ခွဲတိုင်းတာခြင်း၊ အရည်အသွေး ထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စံချိန်စံညွှန်းလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅)နှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး (၁/၂၀၂၅)ကို ဩဂုတ် ၂၁ ရက်က နေပြည်တော်၊ ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး စံချိန်စံညွှန်းလုပ်ငန်းကော်မတီ အစည်းအဝေးတွင် မြန်မာစံချိန်စံညွှန်းအဖြစ် မူကြမ်း ၇၃ ခုကို အတည်ပြု သတ်မှတ်ခဲ့သည်။

မြန်မာအဆင့်မူကြမ်း၇၃ ခုကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်ခြင်းနှင့် အမျိုးသား အသိအမှတ်ပြုကော်မတီ ဖွဲ့စည်းခြင်းကို အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းစေရေးအတွက် ပြည်တွင်းရှိ ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံတကာနှင့် ဒေသတွင်းရှိ အဖွဲ့အစည်းများနှင့် MOU ရေးထိုးခြင်းနှင့် စံချိန်စံညွှန်းသတ်မှတ်ခြင်းကို နိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့် သတင်းအချက်လက်များ ဖလှယ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ကိုက်ညီစွာဖြင့် ထုတ်ကုန်များကို ထုတ်လုပ်၊ တင်သွင်း၊ တင်ပို့မှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်းလည်း စံချိန်စံညွှန်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ပြောကြားခဲ့သည်။

အဆိုပါ မူကြမ်း ၇၃ ခုကို အတည်ပြုသတ်မှတ်ခြင်းကို အမျိုးသားစံချိန်စံညွှန်း ကောင်စီဝင်များဖြစ်သည့် ဝန်ကြီးဌာနအသီးသီးက ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ UMFCCI၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများက တာဝန်ရှိသူ တက်ရောက်ဆွေးနွေးပြီး အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုတိုး**



# ထုတ်လုပ်မှု နည်းပါးလာမှုနှင့်အတူ ရှေ့လာမည့်ကာလ၌ စားအုန်းဆီ တစ်တန်ဈေးနှုန်း ရင်းဂစ် ၄၃၀၀ အထက်တွင်ရှိမည်ဟု MPOC ခန့်မှန်း

ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု နှေးကွေးကျဆင်းလာမှုနှင့်အတူ ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်ရန် ဝယ်လိုအားကြောင့် ပဲပုပ်ဆီများ ဈေးကွက်အတွင်း ရရှိလွယ်မှု နည်းပါးခြင်းတို့အရ စားအုန်းဆီ ဈေးနှုန်းများသည် တစ်တန်လျှင် ရင်းဂစ် ၄၃၀၀ (အမေရိကန်ဒေါ်လာ ၁၀၁၈) အထက်၌ တည်ရှိနိုင်ဖွယ်ရှိကြောင်း မလေးရှားစားအုန်းဆီ ကောင်စီ (MPOC) က ၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

စားအုန်းဆီကြမ်းဈေးနှုန်းများသည် ဩဂုတ် ၁၉ ရက် ဂရင်းနစ် စံတော်ချိန် ၆ နာရီအထိ တစ်တန်လျှင် ရင်းဂစ် ၄၆၀၇ နှုန်းရှိနေခဲ့သည်။ စားအုန်းဆီဈေးနှုန်း တည်တံ့ခိုင်မာမှုသည် ပြည်ပပို့ကုန်ဈေးကွက်တွင် ပဲပုပ်ဆီနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုအပေါ် မူတည်မည်ဖြစ်ကြောင်း MPOC က ပြောကြားခဲ့သည်။ စားအုန်းဆီသည် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ဈေးကွက်ဝေစုအတွက် ပြိုင်ဆိုင်မှုရှိနေသောကြောင့် ပြိုင်ဘက်စားသုံးဆီများ၏ ဈေးနှုန်း အတက်အကျအပေါ် မူတည်လျက်ရှိသည်။

အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဌာနသည် ပဲပုပ်ဆီထုတ်လုပ်မှု၏ ထက်ဝက်ကျော်ကို ၂၀၂၆ ခုနှစ်တွင် ဇီဝဒီဇယ်ထုတ်လုပ်ခြင်းအတွက် ပြည်တွင်း၌ အသုံးပြုမည်ဟု ခန့်မှန်းထားကြောင်း၊ အမေရိကန်၏ ပဲပုပ်ဆီတင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၁၅ သန်းရှိခဲ့ရာ ၂၀၂၆ ခုနှစ်တွင် တန်ချိန် ၃၁၀၀၀၀ သာရှိနိုင်ပြီး တင်ပို့မှုကျဆင်းနိုင်မည်ဟု ခန့်မှန်းရကြောင်း၊ ဘရာဇီးနိုင်ငံသည် ဇီဝဒီဇယ်ထုတ်လုပ်ရာတွင် ပဲပုပ်ဆီကို ၁၄ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ရောစပ်အသုံးပြုမှု တိုးလာသောကြောင့် ပဲပုပ်ဆီတင်ပို့မှု တိုးမြှင့်ရန် ရုန်းကန်ရနိုင်ကြောင်း၊ ရလဒ်အားဖြင့် ကမ္ဘာ့ဈေးကွက်သည် ပဲပုပ်ဆီရှားပါးမှုကို ကာမိစေရေး အာဂျင်တီးနား၏ ပဲပုပ်ဆီ ရောင်းလိုအားအပေါ် ပိုမိုမှီခိုလာရနိုင်ဖွယ်ရှိကြောင်းနှင့် ပို့ကုန်ရရှိနိုင်မှု တင်းကျပ်လာခြင်းက ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းများကို အထောက်အကူဖြစ်စေကြောင်း MPOC က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ဇီဝဒီဇယ်၌ စားအုန်းဆီ ရောစပ်ပါဝင်မှုကို ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင်ရန် စီစဉ်ထားသည့်အတွက် လက်ရှိ ၂၀၂၅ ခုနှစ်၌ ဇီဝဒီဇယ်အတွက် ဆီအုန်းလိုအပ်ချက်သည် တန်ချိန် ၁၃ သန်းရှိရာမှ ၂၀၂၆ ခုနှစ်တွင် တန်ချိန် ၁၆ သန်းအထိ မြင့်တက်လာမည်ဖြစ်သဖြင့် စားအုန်းဆီရောင်းလိုအားကို ပိုမိုတင်းကျပ်စေမည်ဖြစ်ကြောင်း MPOC က ထပ်လောင်းပြောကြားခဲ့သည်။

မလေးရှားကျွန်းဆွယ်၌ ထုတ်လုပ်မှုကျဆင်းခြင်းသည် ယခုနှစ် လက်ကျန်ကာလအတွင်း တစ်နိုင်ငံလုံး ထုတ်လုပ်မှု တိုးတက်ခြင်းကို အကန့်အသတ်ဖြစ်စေနိုင်သဖြင့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စားအုန်းဆီသိုလှောင်မှု ကြီးမားစွာ တိုးတက်လာဖွယ်မရှိဟု MPOC က ခန့်မှန်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံရှိ စားသုံးဆီ တင်သွင်းသူများသည် ဒီပါဝလီပွဲတော်မတိုင်မီ သိုလှောင်မှုကို မြှင့်တင်လျက်ရှိသဖြင့် ဝယ်လိုအားခိုင်မာနေမည်ဟု မျှော်လင့်ရပြီး အာဖရိကဒေသမှ ဝယ်လိုအားသည်လည်း တည်ငြိမ်နေမည်ဟု မလေးရှားစားအုန်းဆီကောင်စီ (MPOC) က ခန့်မှန်းထားကြောင်း သိရသည်။

**Source: The Edge Malaysia, 19 Aug 2025**



# ကျွန်းလှမြို့နယ်၏ ပဲမျိုးစုံနှင့် ပြောင်းဈေးနှုန်း

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးတောင်သူများသည် ပဲမျိုးစုံနှင့် ပြောင်းတို့ကို စိုက်ပျိုးကြောင်းသိရသည်။

**မတ်ပဲ၊ ပဲတီစိမ်း**

၂၀၂၅ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်အတွင်း ဈေးနှုန်းများမှာ မတ်ပဲရိုးရိုး တစ်တင်းလျှင် ကျပ် ၇၇၀၀၀၊ မတ်ပဲ မျက်ကွင်းဖြူ တစ်တင်းလျှင် ကျပ် ၈၁၀၀၀၊ ပဲတီစိမ်းရိုးရိုးတစ်တင်းလျှင် ကျပ် ၇၇၅၀၀၊ ပဲတီစိမ်းထွက်တိုး တစ်တင်းလျှင် ကျပ် ၈၂၅၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဒေသတွင်းပွဲရုံ လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

**ကုလားပဲ**

ဩဂုတ်လ စတုတ္ထပတ်အတွင်း ကုလားပဲထိုင်ဝမ် တစ်တင်းလျှင် ကျပ် ၇၁၅၀၀၊ (929)တစ်တင်းလျှင် ကျပ် ၇၄၅၀၀၊ (V2) တစ်တင်းလျှင် ကျပ် ၇၇၀၀၀ နှင့် (V7) တစ်တင်းလျှင် ကျပ် ၇၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကျွန်းလှမြို့နယ်မှ ထွက်ရှိသော ကုလားပဲများကို ကန့်ဘလူမြို့နှင့် မန္တလေးမြို့ရှိ ပွဲရုံများနှင့် ကုန်စည်ဒိုင်များသို့ တင်ပို့ကြောင်း သိရသည်။

**ပဲစင်းငုံ**

ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံမျိုးအနေဖြင့် အစေ့အနီရောင်မျိုးနှင့် အစေ့အဖြူရောင်မျိုးတို့ကို စိုက်ပျိုးကြောင်း၊ ဈေးနှုန်းအနေဖြင့် ဩဂုတ်လ စတုတ္ထပတ်အတွင်း ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၇၃၅၀၀၊ ပဲစင်းငုံဖြူ တစ်တင်းလျှင် ကျပ် ၇၁၅၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

**အစေ့ထုတ်ပြောင်း၊ မြေပဲ**

ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်း စိုက်ပျိုးရာတွင် မျိုးအနေဖြင့် C.P.808 နှင့် C.P.888 မျိုးတို့ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ဩဂုတ်လ စတုတ္ထပတ်အတွင်း အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၂၃၇၀၀၊ ပြောင်းအရည်အသွေးညံ့လျှင် ကျပ် ၂၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မြေပဲလုံးဆန် တစ်တင်းလျှင် ကျပ် ၁၇၇၀၀၀ တို့ဖြင့် ရောင်းချပြီး ဈေးကွက်အတွင်း အစေ့ထုတ်ပြောင်းဝင်ရောက်မှုနည်းသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**ဝင်းသန်း (ကျွန်းလှ)**

# သစ်သီးဝလံ ကုန်သွယ်မှုအတွက် စစ်ဆေးရေးဂိတ်အသစ် ငါးခုတိုးချဲ့ဖွင့်လှစ်ရန် ထိုင်းနှင့် တရုတ်သဘောတူ




ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် တတိယနိုင်ငံ သစ်သီးဝလံ သယ်ယူပို့ဆောင်ရေးဆိုင်ရာ သဘောတူညီချက် (Third Country Fruit Transport Protocol) အောက်တွင် ပို့ကုန်သွင်းကုန် စစ်ဆေးရေးဂိတ်အသစ် ငါးခု ဖွင့်လှစ်ရန် အရေးပါသော သဘောတူညီမှု တစ်ရပ်ကို ရယူခဲ့ကြောင်း၊ စက်တင်ဘာ ၁ ရက်မှ စတင်အာဏာ သက်ရောက်မည့် အဆိုပါ သဘောတူညီချက်သည် သယ်ယူပို့ဆောင်မှုစရိတ်များ လျှော့ချနိုင်ရန်၊ လက်ရှိစစ်ဆေးရေးဂိတ်များတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်နေမှုကို သက်သာစေရန်နှင့် ထိုင်းသစ်သီးဝလံများကို တရုတ်နိုင်ငံ၏ ပြည်နယ်များသို့ မြန်မြန်ဆန်ဆန် ဖြန့်ဖြူးနိုင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး Artthakorn Sirilatthayakorn က နှစ်နိုင်ငံအနေဖြင့် တတိယနိုင်ငံများမှတစ်ဆင့် ဖြတ်သန်း၍ သစ်သီးဝလံများ သယ်ယူပို့ဆောင်ရာတွင် ကူးစက်ရောဂါကာကွယ်ရေးနှင့် စစ်ဆေးရေး အစီအမံများ ပါဝင်သည့် သဘောတူညီချက်၏ နောက်ဆက်တွဲ အပိုဒ်များကို အဆင့်မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ လုပ်ဆောင်ချက်သည် စိုက်ပျိုးရေးထုတ်ကုန်များ သယ်ယူပို့ဆောင်ရေးကို ပိုမိုချောမွေ့စေရန်နှင့် ဈေးကွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်စွာ ရရှိစေရန် ရည်ရွယ်သည်။

ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် အမျိုးသား စိုက်ပျိုးထုတ်ကုန်နှင့် အစားအသောက် စံချိန်စံညွှန်းများဗျူရို (ACFS) မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာန (GACC) နှင့် ဆက်လက်ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာ စစ်ဆေးရေးဂိတ်အသစ် ငါးခု ထပ်မံဖွင့်လှစ်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ ထိုင်းဘက်မှ ဖွင့်လှစ်မည့် စစ်ဆေးရေးဂိတ်သုံးခုမှာ Nan ပြည်နယ်၌ Thung Chang စစ်ဆေးရေးဂိတ်၊ Phayao ပြည်နယ်တွင် Ban Huak စစ်ဆေးရေးဂိတ်နှင့် Uttaradit ပြည်နယ်၌ Phu Du စစ်ဆေးရေးဂိတ်တို့ဖြစ်ကြောင်း၊ တရုတ်ဘက်မှ ယူနန်ပြည်နယ်တွင် Mengkang နှင့် Taluo ဟူ၍ စစ်ဆေးရေးဂိတ် နှစ်ခုကို ထပ်တိုးသွားမည်ဖြစ်ကြောင်း၊ လတ်ဆတ်သော သစ်သီးဝလံများ တင်ပို့ရန်အတွက် စစ်ဆေးရေးဂိတ် စုစုပေါင်းမှာ ထိုင်းနိုင်ငံတွင် ကိုးခုနှင့် တရုတ်နိုင်ငံ၌ ၁၂ ခုအထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အဓိကသစ်သီးဝလံဈေးကွက်နှင့် အဓိကစိုက်ပျိုးရေးပို့ကုန်များ တင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ဖြစ်တည်နေမှုနှင့်အတူ ၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ လတ်ဆတ်သောသစ်သီးဝလံများကို တင်ပို့မှုများသည် ဘတ် ဘီလီယံ ၁၈၀ ထက်ကျော်လွန်သွားမည်ဟု မျှော်မှန်းထားကြောင်း၊ စစ်ဆေးရေးဂိတ်အသစ် ငါးခု ထပ်မံဖွင့်လှစ်ခြင်းသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်မှ စတင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ထိုင်းစိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုတန်ဖိုးမြင့်တက်လာပြီး ဈေးကွက်ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**Source: The Nation Thailand,**
**August 14, 2025**
**DPTM, DOCA**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုပမာဏ အနည်းငယ် ကျဆင်းခဲ့သော်လည်း တန်ဖိုးမြင့်တက်လာ

အိန္ဒိယနိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၄၅ ဘီလီယံရှိပြီး ပမာဏ ကျဆင်းသွားသော်လည်း ပုံမှန်ဝင်ငွေအဆင့်ကို ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း Marine Product Export Development Authority (MPEDA) မှ ထုတ်ပြန်သော နောက်ဆုံးရ သတင်းအချက်အလက်များအရ သိရသည်။ တင်ပို့မှုပမာဏသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က တင်ပို့ခဲ့သော ၁၇၈၁၆၀၂ မက်ထရစ်တန်ထက် ၁၆၉၈၁၇၀ မက်ထရစ်တန်သို့ ကျဆင်းခဲ့ပြီး ဒေါ်လာ တန်ဖိုးအရ ယခင်နှစ်က ၇ ဒသမ ၃၈ ဘီလီယံဒေါ်လာထက် ၇ ဒသမ ၄၅ ဘီလီယံဒေါ်လာသို့ မြင့်တက်လာခဲ့သည်။



အေးခဲပုစွန်များသည် အဓိကပို့ကုန်အဖြစ် ဆက်လက်တည်ရှိပြီး ကန်ဒေါ်လာ ၅ ဒသမ ၁၇ ဘီလီယံရရှိခဲ့ကာ စုစုပေါင်း ပင်လယ်စာတင်ပို့မှုတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။ ပုစွန်တင်ပို့မှုပမာဏသည် ယခင်နှစ်က တင်ပို့ခဲ့သော ၇၁၆၀၀၄ မတ်ထရစ်တန်ချိန်ထက် ၇၄၁၅၂၉ မက်ထရစ်တန်ချိန်သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ အမေရိကန်နိုင်ငံမှ ဒေါ်လာ ၂ဒသမ၇၁ ဘီလီယံ တန်ဖိုးရှိသော ပင်လယ်စာ ၃၄၆၈၆၈ မက်ထရစ်တန်ချိန်ခန့်အား ပင်လယ်စာအများဆုံး တင်သွင်းသည့်နိုင်ငံအဖြစ် ရပ်တည်နေကာ တရုတ်နိုင်ငံမှ ဒေါ်လာ ၁ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိသော ပင်လယ်စာ ၃၉၆၄၂၄ မက်ထရစ် တန်ချိန် တင်သွင်းခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဒုတိယအများဆုံး တင်သွင်းသည့် ဈေးကွက်အဖြစ် ရပ်တည်လျက်ရှိသည်။ ဥရောပသမဂ္ဂ၊ အရှေ့တောင် အာရှ၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းကဲ့သို့သော အဓိကဒေသများမှလည်း ၎င်းတို့၏ ဈေးကွက်တည်ရှိမှုကို ခိုင်မာစေရန် ဆောင်ရွက်လျက်ရှိသည် အေးခဲထားသောငါးများနှင့် ပြည်ကြီးငါးများ တင်ပို့မှုသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၂၂ ဒသမ ၆၀ သန်းနှင့် ၃၆၇ ဒသမ ၆၈ သန်းရှိပြီး ဒုတိယနှင့် တတိယ အများဆုံးတင်ပို့သော ပင်လယ်စာ ပို့ကုန်များအဖြစ် အသီးအသီး ရပ်တည်လျက်ရှိသည်။ အေးခဲထားသော ကင်းမွန်များ တင်ပို့မှုမှာလည်း ပင်လယ်စာအခြောက်တင်ပို့မှု ကဏ္ဍတွင် ပုစွန်တင်ပို့မှုကို ကျော်လွန်၍ပမာဏနှင့် တန်ဖိုးတိုးတက်လာကြောင်းသိရသည်။ ပင်လယ်စာတင်ပို့မှုသည် အိန္ဒိယနိုင်ငံ ကုန်သွယ်မှုအတွက်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး သန်းနှင့်ချီသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အထောက်အပံ့ဖြစ်စေပြီး နိုင်ငံခြားငွေလဲလှယ်မှုကိုလည်း သိသာစွာ တိုးတက်လာစေနိုင်သည်။

**Source : Xinhua , ဟန်ကိုကျော်**
**DOCA(ရန်ကုန်)**

# အမေရိကန်ထံမှ ပြောင်းများ တင်သွင်းခွင့်ပြုခြင်းအပေါ် နစ်နာကြေးပေးအပ်ရန် ထိုင်းတောင်သူများ တောင်းဆို



အမေရိကန်နိုင်ငံထံမှ မျိုးဗီဇပြုပြင်ထားသော ပြောင်းများကို တင်သွင်းခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်းသည် ပြည်တွင်းဈေးနှုန်းများ တစ်ဟုန်ထိုး ကျဆင်းမှုကို ဖြစ်စေနိုင်သဖြင့် အစိုးရအနေဖြင့် နစ်နာကြေးများ ထောက်ပံ့ပေးအပ်ရန် ထိုင်းနိုင်ငံ Phetchabun ပြည်နယ်ရှိ ရာနှင့်ချီသော ပြောင်းစိုက်တောင်သူများက ဩဂုတ် ၁၅ ရက်တွင် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

အမေရိကန်မှ မျိုးဗီဇပြုပြင်ထားသော ပြောင်းတန်ချိန် ၃ သန်းကို တင်သွင်းခွင့်ပြုရန် အစိုးရက သဘောတူညီခဲ့ပြီးနောက် ပြည်တွင်းရှိ တိရစ္ဆာန်မွေးမြူရေး အစာစပ်စက်ရုံများသည် ထိုင်းပြောင်းများကို ဝယ်ယူရန်ငြင်းဆိုခြင်း သို့မဟုတ် ဈေးနှုန်းနှိမ့်ချ၍ ဝယ်ယူခြင်းတို့ကို လုပ်ဆောင်လာကြသဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝအပေါ် ဆိုးကျိုးကြီးမားစွာ သက်ရောက်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဆွေးနွေးတိုင်ပင်မှုမရှိဘဲ ချမှတ်ခဲ့သော အဆိုပါမူဝါဒသည် လယ်သမား မိသားစုဝင် ၄၅၀၀၀၀ ကျော်အပေါ် ထိခိုက်မှုရှိကြောင်း၊ ထိုင်း မွေးမြူရေးအစာစပ်စက်ရုံ အသင်းသည် အစိုဓာတ် ၁၄ ဒသမ ၅ ရာခိုင်နှုန်းရှိသော အစေ့ထုတ်ပြောင်း တစ်ကီလိုဂရမ်လျှင် ဘတ်ငွေ ၉ ဒသမ ၈၀ နှုန်းဖြင့် ဝယ်ယူမည်ဟု ယခင်က ကတိပြုထားခဲ့ကြောင်း၊ သို့သော် ယခုအခါ စက်ရုံများသည် တစ်ကီလိုဂရမ်လျှင် ၉ဘတ်အောက် နိမ့်ကျသော နှုန်းဖြင့်သာ ပေးချေလျက်ရှိပြီး ဒေသထွက်ပြောင်းများ နေ့စဉ်ဝယ်ယူမည့် ပမာဏကို ခွဲတမ်း သတ်မှတ်ချက်များ ချမှတ်လုပ်ဆောင်လာကြကြောင်း စသည်ဖြင့် အဆိုပါပြောင်းစိုက် တောင်သူများက ပြောဆိုခဲ့ကြသည်။

အမေရိကန်ပြောင်းများ တင်သွင်းမှုကို ချိန်ညှိဆောင်ရွက်နိုင်ရန် လုံလောက်သော အချိန်ကာလအဖြစ် သုံးနှစ်တာကာလအထိ အစိုဓာတ် ၃၀ ရာခိုင်နှုန်းရှိသော ပြောင်း တစ်ကီလိုဂရမ်လျှင် ၇ ဒသမ ၅၀ ဘတ်နှုန်းဖြင့် ပြောင်းစိုက်ပျိုးမှုမှတ်ပုံတင်ထားသည့် ဧရိယာအပေါ် အခြေခံလျက် အစိုးရမှ နစ်နာကြေး ထောက်ပံ့ပေးအပ်သွားရန် ပြောင်းစိုက်တောင်သူများက တောင်းဆို ထားသည်ဟု The Nation သတင်းဌာနက ဖော်ပြထားသည်။

**Source: The Nation Thailand, August 18, 2025**

**UNAL, DOCA**

# နယူးဇီလန်နိုင်ငံ၏ နို့ထွက်ပစ္စည်းဈေးနှုန်း စံချိန်တင်မြင့်တက်



နယူးဇီလန်နိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လအထိတွင် စားသောက်ကုန်ဈေးနှုန်း ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

နို့ထွက်ပစ္စည်းများ ဈေးနှုန်းမြင့်တက်မှုကြောင့် စားသောက်ကုန်မျိုးစုံတို့သည် ၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ နို့ ၁၆ ရာခိုင်နှုန်း၊ ထောပတ် ၄၂ ဒသမ ၂ ရာခိုင်နှုန်း၊ ချိစ် ၂၉ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း Stats NZ က ပြောကြားခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လကတည်းက နို့ဈေးနှုန်း ၃၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

အသားနှင့် ငါးဈေးနှုန်းများ ၇ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမဲသားအကင် ၂၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် ခုတ်ဖြတ်ပြီးအသား ၁၉ ဒသမ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အသီးနှင့် ဟင်းသီးဟင်းရွက်များ ၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အရက်မပါသော အချိုရည် ၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် စားသောက်ဆိုင် အစားအစာ ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အိမ်ငှားခဈေးနှုန်းများမှာ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၎င်းတိုးတက်မှုသည် ၂၀၁၁ ခုနှစ်ကတည်းက အနှေးဆုံး တိုးတက်နှုန်းဖြစ်ကြောင်း Stats NZ က ပြောကြားခဲ့ကြောင်း သိရသည်။

**Source: Xinhua။ ကျော်မြင့်ဦး၊ DOCA (ရန်ကုန်)**

# ဗီယက်နမ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်ပို့မှုမြင့်တက်လာ

၂၀၂၅ ခုနှစ် ရှစ်လတာကာလအတွင်း အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ အမေရိကန် ဒေါ်လာ ၃၁၆ သန်းတန်ဖိုးရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်းခဲ့ပြီး တစ်နှစ် ထက်တစ်နှစ် ၆၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ငှက်ပျောသီး၊ မာလကာသီး၊ နဂါးမောက်သီး၊ အုန်းသီးနှင့် ၎င်းအသီးများမှ ထုတ်လုပ်သော ထုတ်ကုန်များသည် အမေရိကန် စားသုံးသူများကြား အထူးရေပန်းစားခဲ့ကြောင်း ဗီယက်နမ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်း၏ အဆိုအရ သိရသည်။

ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့ကဲ့သို့ အချို့သော ဈေးကွက်များသို့ တင်ပို့ရောင်းချမှုမှာလည်း သိသိသာသာ မြင့်တက်လာခဲ့သည်။ သို့သော် တရုတ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ အဓိကဝယ်လက်များက သွင်းကုန် ၁၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းကို လျှော့ချခဲ့သောကြောင့် စုစုပေါင်း ပို့ကုန် ၂ ရာခိုင်နှုန်း ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံအထိ ကျဆင်းသွားခဲ့သည်။

ထိုသို့တင်ပို့မှု မြင့်တက်လာရသည့် အကြောင်းအရင်းမှာ သစ်သီးနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုတွင် အစုရှယ်ယာ အများဆုံးဖြစ်သော ဒူးရင်းသီးတင်ပို့မှုမြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ ဒူးရင်းသီးများ အဓိကတင်ပို့သည့် ဈေးကွက်ဖြစ်သော တရုတ်နိုင်ငံသို့တင်ပို့မှုသည် အရည်အသွေး သတ်မှတ်ချက်များ တင်းကျပ်မှုကြောင့် တင်ပို့မှုကျဆင်းခဲ့သော်လည်း ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းသီးများသည် ကောင်းမွန်သော စံနှုန်းများနှင့် ကိုက်ညီမှုရှိသောကြောင့် တင်ပို့မှု ပြန်လည်မြင့်တက်လာခဲ့သည်။

ထိုသို့ ဒူးရင်းသီး တင်ပို့မှုများ ဆက်လက်မြင့်တက်နေပါက ၂၀၂၅ ခုနှစ် ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုသည် ၂၀၂၄ ခုနှစ်က စံချိန်တင် တင်ပို့နိုင်ခဲ့သော ဒေါ်လာ ၇ ဘီလီယံကို ကျော်လွန်သွားမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

**Source : Vnexpress၊ ဟန်ကိုကျော်။**

**DOCA(ရန်ကုန်)**



# အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေ ဖြည့်တင်းရေး

ထွန်းသက်ထွန်း

ယခုအခါ ကမ္ဘာပေါ်ရှိ လူဦးရေသည် တစ်စထက်တစ်စ တိုးတက်များပြားလာသလို ယင်းလူဦးရေများအတွက် နေထိုင်ရေး ကိစ္စသည် မူဝါဒချမှတ်သူများအဖို့ ခေါင်းခဲစရာကိစ္စတစ်ခု ဖြစ်လာခဲ့သည်။ ကျေးလက်ဒေသမှ လူတို့သည် အလုပ်အကိုင် အခွင့်အလမ်းပေါများရာ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်လာကြခြင်း၊ အခြားမြို့တစ်မြို့မှ နောက်တစ်မြို့သို့ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့ကြခြင်း၊ အိမ်ခြံမြေဈေးနှုန်း မြင့်မားလာမှုကြောင့် ဝင်ငွေ အတော်အသင့်ရှိသူများက တိုက်ခန်းနှင့် ကွန်ဒိုမီနီယံများကို ရွေးချယ်ဝယ်ယူလာခြင်း၊ အိမ်ရာ ကန်ထရိုက်တာများ အနေနှင့် မြို့ပြနှင့် ဆင်ခြေဖုံးဒေသများတွင် အိုးအိမ်ဖွံ့ဖြိုးတိုးတက်မှု စီမံချက်များကို ပြုလုပ်လာကြခြင်း၊ နိုင်ငံတော်ပိုင် အိုးအိမ်ဌာနများကလည်း အိုးအိမ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လာကြခြင်း စသည်တို့ကို တွေ့မြင်လာရသည်။

အချို့မြေယာပေါများသော နိုင်ငံများသည် မိမိတို့ အိုးအိမ်များကို ဘေးတိုက် ချဲ့ထွင်ခြင်း (horizontally) ဆောင်ရွက်ကြသည်များရှိသလို မြေယာအခက်အခဲရှိသော နိုင်ငံများတွင်လည်း အထက်သို့ ချဲ့ထွင်ခြင်း (vertically) နည်းလမ်းဖြင့် ဆောင်ရွက်ကြသည်လည်းရှိသည်။

ယင်းသို့ အိမ်ရာများ တိုးချဲ့ဆောက်လုပ်ရာတွင် အဓိက လိုအပ်သည်မှာ ငွေကြေးအရင်းအနှီးဖြစ်သည်။ ယင်းငွေကြေး အရင်းအနှီးကို ဖြည့်တင်းရေးအတွက် ပုဂ္ဂလိက ကုမ္ပဏီများ၊ အစိုးရများသည် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြရာ ယင်းတို့၏ ဆောက်လုပ်ရေးနှင့် အိမ်ရာစီမံကိန်းများအတွက် မည်သို့မည်ပုံ ဘဏ္ဍာငွေများကို ဖြည့်တင်းကြသည်ဆိုသည်ကို လေ့လာသင့်သည်။ အစဉ်အလာအားဖြင့် အိမ်ရာ ဆောက်လုပ်ရေးကဏ္ဍများအတွက် လိုအပ်သော ဘဏ္ဍာငွေကို ဖြည့်ဆည်းပေးသောအဖွဲ့မှာ ဘဏ်များဖြစ်သည်။

ခေတ်သစ် ဘဏ္ဍာရေးစနစ်ကြီးအတွင်း ဆောက်လုပ်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းပေါင်းများစွာ ပေါက်လာသလို ဘဏ္ဍာငွေရယူသည့် နည်းလမ်းအသစ်များလည်း အမျိုးအစားစုံလင်စွာ ပေါ်ပေါက်လာခဲ့သည်။

အချို့အိမ်ရာဖွံ့ဖြိုးရေး ပရောဂျက်များသည် အများနှင့် သက်ဆိုင်သော ကော်ပိုရေးရှင်းများအဖြစ် တည်ထောင်ကာ မိမိတို့လိုအပ်သည့် အရင်းအနှီးအတွက် အများပြည်သူသို့ ရှယ်ယာများ ထုတ်ဝေရောင်းချကာ ဖြည့်တင်းလေ့ရှိသည်။ အချို့သော အစိုးရပရောဂျက်များအတွက်လည်း အိမ်ရာဖွံ့ဖြိုးမှုဆိုင်ရာ ငွေချေးစာချုပ်များကို အများပြည်သူသို့ ထုတ်ဝေရောင်းချကာ ဖြည့်တင်းကြသည်လည်းရှိသည်။ အချို့နိုင်ငံများတွင်လည်း အိမ်ရာများကို ပြည်သူများသို့ တိုက်ရိုက်အရစ်ကျစနစ်ဖြင့် ရောင်းချကာ ဖြည့်တင်းကြသည်များ ရှိသလို အချို့မှာ ပြည်သူများထံမှငွေကို အရင်ရယူပြီး နောက်မှ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းများလည်းရှိသည်။

အချို့နိုင်ငံများသည်လည်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ငွေချေးစာချုပ်များ၊ ဒီဗင်ချာများ ထုတ်ဝေကာ အများပြည်သူသို့ ရောင်းချကြသလို အချို့ကလည်း နိုင်ငံတော်ပိုင် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ချေးငွေအစီအစဉ်များကို ဥပဒေများ ပြဋ္ဌာန်းရေးဆွဲကာ အိမ်ရာများ ပြည်သူတို့ သက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ကြသည်ကိုလည်း တွေ့ရှိရသည်။

အချို့နိုင်ငံများတွင် ဆောက်လုပ်ရေးချေးငွေ Construction Loan အစီအစဉ်များကို ပြဋ္ဌာန်းထားသည်။ ယင်းမှာ အိမ်ရာ ဆောက်လုပ်ရေးအတွက် လောလောဆယ်ကုန်ကျမည့် စရိတ်များ ကာမိစေရေးအတွက် ဆောက်လုပ်ဆဲကာလအတွင်း ချေးငွေများရယူခြင်းဖြစ်သည်။ ဘဏ်များသည် ဆောက်လုပ်နေသော အဆောက်အအုံနှင့် မြေကို အာမခံပစ္စည်းအဖြစ် ရယူခြင်းဖြစ်သည်။ ဆောက်လုပ်သည့် အဆင့်များ သတ်မှတ်ပြီး ချေးငွေကို အရစ်ကျထုတ်ပေးသည်။ ဆောက်လုပ်ပြီးသည့် အချိန်တွင် ငွေထုတ်ချေးအပြီးဖြစ်အောင် အချိန်ကိုက် ချေးခြင်းဖြစ်သည်။

ဆောက်လုပ်ပြီးသည့်အခါ အမြဲတမ်းအိမ်ပေါင် ချေးငွေရယူပြီး ပေးဆပ်သည်။ အမြဲတမ်း အိမ်ပေါင်ချေးငွေကို အဖွဲ့အစည်းလိုက် မြီရှင်များ (Institutional Lender) ဖြစ်သော ဘဏ်များ၊ ငွေစုဘဏ်၊ ပင်စင်ရန်ပုံငွေအဖွဲ့များ၊ အာမခံအဖွဲ့များက ထုတ်ချေးခြင်းဖြစ်သည်။

ဤနေရာတွင် ထိုင်းနိုင်ငံ အိမ်ခြံမြေဖွံ့ဖြိုးရေး လုပ်ငန်းတွင် ဘဏ္ဍာငွေဖြည့်တင်းမှုများကို တင်ပြလိုသည်။ ထိုင်းနိုင်ငံ စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အိမ်ခြံမြေဖွံ့ဖြိုးရေး ကုမ္ပဏီများသည် ၎င်းတို့၏ ဘဏ္ဍာရေးဖွဲ့စည်းမှုပုံသဏ္ဌာန်(Financial Portfolio) ကို ပိုမိုအားကောင်းစေရန်အတွက် ကာလတိုနှင့် ကာလလတ် ဒီဗင်ချာများကိုအများပြည်သူသို့ ထုတ်ဝေရောင်းချကာ ၎င်းတို့၏ဘဏ္ဍာငွေ လိုအပ်ချက်များကို ဖြည့်တင်းခဲ့ကြသည်။ ဒီဗင်ချာ (debenture) ဆိုသည်မှာ အပေါင်ပစ္စည်း၊ အာမခံ အစရှိသော ကျောထောက်နောက်ခံများထားရှိရန်မလိုဘဲ ထုတ်ဝေသော၊ ကုမ္ပဏီများ၏ သိက္ခာနှင့် ယုံကြည်မှုတို့အပေါ် အခြေခံကာ ထုတ်ဝေသော စာချုပ်စာတမ်းများဖြစ်သည်။ ယင်းတို့သည် ခိုင်မာမှု အားကောင်းသော ငွေချေးစာချုပ်များဖြစ်ပြီး ကာလသက်တမ်းကို ၅ နှစ် ၁၀နှစ်၊ အနှစ် ၂၀၊ ၃၀ စသည်ဖြင့် ထုတ်ဝေနိုင်သည်။ ပုံမှန်အတိုးပေးပြီး အချိန်စေ့လျှင် အရင်းပြန်ထုတ်ပေးသည်။ တစ်ချိန်တွင် ယင်းတို့ကို စတော့အဖြစ်လည်း ပြောင်းလဲနိုင်သော စာချုပ်များဖြစ်သည်။

ဒီဗင်ချာများ ထုတ်ဝေခြင်းသည် အဆိုပါအိမ်ခြံမြေဖွံ့ဖြိုးရေး အဖွဲ့များ၏ ငွေသားစီးဆင်းမှုပုံသဏ္ဌာန် (Cash Flow)ကို ပိုမိုအဆင်ပြေချောမွေ့စေကာ ဘဏ်ချေးငွေများအပေါ် မှီခိုမှုများ၊ ဘဏ်အတိုးနှုန်း ဝန်ပိမှုများကို တစ်နည်း တစ်ဖုံလျော့ကျစေသည်။ အိမ်ခြံမြေကုမ္ပဏီတို့သည် မိမိတို့ အိမ်ခြံမြေစီမံချက်ကာလ သက်တမ်းအလိုက် လိုအပ်သော ဒီဗင်ချာများကို ထုတ်ဝေနိုင်သည်။ အထူးသဖြင့် တိုက်ခန်းနှင့် ကွန်ဒိုမီနီယံ ပရောဂျက်များ တည်ဆောက်ရာတွင် အသုံးပြုလေ့ရှိပြီး ယင်းတည်ဆောက်မှု ကာလသည် နှစ်နှစ်မှ သုံးနှစ်အထိ ကြာမြင့်သည့်အတွက်ကြောင့် ဖြစ်သည်။

နောက်ထပ်တင်ပြလိုသော စနစ်တစ်ခုမှာ အမေရိကန် အစိုးရ၊ အိုးအိမ်ဌာနမှ တာဝန်ခံကာ ထုတ်ဝေသော ငွေချေးစာချုပ် Housing Authority Bond များဖြစ်သည်။ ယင်းမှာ ကာလတိုနှင့် ကာလလတ် ငွေချေးစာချုပ်များဖြစ်ပြီး ပြည်သူ့အိုးအိမ်အာဏာပိုင်အဖွဲ့မှ ထုတ်ဝေကာ အတိုးနှင့်အရင်းကို ပြန်ပေးရန် အမေရိကန်၏ Department of Housing and Urban Development မှ အာမခံခြင်းဖြစ်သည်။ ယင်းကို Public Housing Development Bond ဟုလည်းခေါ် ဆိုသည်။ ဤငွေချေးစာချုပ်များကို ထုတ်ဝေရောင်းချ၍ရသော ငွေများဖြင့် ဝင်ငွေနည်းသူများနှင့် ဝင်ငွေအလယ်အလတ်ရှိသူများအတွက် တန်ဖိုးနည်း အိမ်ရာများ ဆောက်လုပ်ရာတွင် သုံးစွဲလေ့ရှိသည်။

အမေရိကန်အစိုးရသည် Federal Home Loan System စနစ်တစ်ခုကိုဖန်တီးကာ အစိုးရအိမ်ရာချေးငွေ ဥပဒေ ၁၉၃၂ အရ ဒေသဆိုင်ရာဘဏ် ၁၂ ခုအား စုစည်း၍ အိမ်ရာချေးငွေစနစ်တစ်ခု တည်ထောင်ခဲ့သည်။ ယင်းစနစ်အရ ငွေစုငွေချေးအဖွဲ့အစည်းများ saving and loan org ကိုစုစည်းကာ ငွေကြေးပမာဏတစ်ခုကို စုစည်းပြီး အိမ်ရာဖွံ့ဖြိုးရေး ဆောင်ရွက်သူများသို့ထုတ်ချေးခြင်းဖြစ်သည်။ ဤစနစ်အရ အမေရိကန်ရှိ ခရိုင်ဘဏ်များသည် ငွေစုငွေချေးအသင်းများသို့ ချေးငွေများထုတ်ချေးကာ ယင်းငွေစုငွေချေးအသင်းများမှတစ်ဆင့် အိုးအိမ် ပရောဂျက်များသို့ ပြန်လည်ထုတ်ချေးခြင်းဖြစ်သည်။

အချို့နိုင်ငံများသည်လည်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ငွေချေးစာချုပ်များ၊ ဒီဗင်ချာများ ထုတ်ဝေကာ အများပြည်သူသို့ ရောင်းချကြသလို အချို့ကလည်း နိုင်ငံတော်ပိုင် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ချေးငွေအစီအစဉ်များကို ဥပဒေများ ပြဋ္ဌာန်းရေးဆွဲကာ အိမ်ရာများ ပြည်သူတို့သက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ကြသည်ကိုလည်း တွေ့ရှိရသည်။

ယင်းသို့အိမ်ရာဖွံ့ဖြိုးရေး ရန်ပုံငွေများကို ကြီးကြပ်ရန်အတွက် ပြည်ထောင်စုအိမ်ရာချေးငွေ ထောက်ပံ့ရေးဘုတ်အဖွဲ့ (Federal Housing Finance Board) ကို တည်ထောင်ထားသည်။ ယင်းအဖွဲ့သည် နိုင်ငံတော်ဥပဒေအရ တည်ထောင်သော ဗဟိုအစိုးရအဖွဲ့အစည်းတစ်ခုဖြစ်ကာ အိမ်ရာချေးငွေများကို တာဝန်ယူ ထုတ်ချေးသည့် ဘဏ်များကို ကြီးကြပ်ရသည်။ ယင်းဘုတ်အဖွဲ့သည် သမ္မတမှတိုက်ရိုက်ခန့်အပ်သော အဖွဲ့ဖြစ်ပြီး အဖွဲ့ဝင် ငါးဦးပါရှိသည်။ ယင်းအဖွဲ့၏သက်တမ်းမှာခုနစ်နှစ်ဖြစ်သည်။

ယင်းအဖွဲ့သည် ခရိုင်ဘဏ်များမှ လက်ခံနိုင်သော အိမ်ရာဖွံ့ဖြိုးမှုပရောဂျက်များကို တည်ထောင်ခြင်း၊ ဈေးကွက်အတိုးနှုန်းထက်နိမ့်သော အိမ်ပေါင်ချေးငွေများဖြင့် ဝင်ငွေနိမ့်ပြည်သူများအား ငွေထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများထူထောင်ခြင်း၊ အကြွေးဝန်ထုပ်ပိနေသည့် ငွေစုငွေချေးအသင်းများကို ကယ်တင်ခြင်း၊ နေအိမ် အပေါင်များကို အာမခံပေါ် လစီများ ထုတ်ပေးခြင်း စသည့် လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရသည်။

အိန္ဒိယနိုင်ငံသည်လည်း Union Home Loan စနစ်ကို တည်ထောင်ကာ ဝင်ငွေနည်းပါးသူ ပြည်သူများအတွက် အိမ်ရာချေးငွေစနစ် စီစဉ်ထားရှိကြောင်းသိရှိရသည်။ ဤချေးငွေစနစ်ကို Union Bank of India မှ တာဝန်ယူဆောင်ရွက်သည်။ ဤသို့စီစဉ်ထားသောကြောင့် ပြည်သူများအနေနှင့် တိုက်ခန်းများကိုလည်းကောင်း၊ မြေကွက်များကိုလည်းကောင်း၊ လက်ရှိအိမ်နှင့် တိုက်ခန်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် လည်းကောင်း ချေးငွေများကို ရယူနိုင်သည်။ ချေးငွေရယူနိုင်သောသူများမှာ အိန္ဒိယနိုင်ငံသား ဖြစ်ရမည့်အပြင် အသက်မှာ (၂၁)နှစ်ပြည့်ပြီးသူများ ဖြစ်ရမည်။ ချေးငွေကို တစ်ဦးကျဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ စုပေါင်း၍ ချေးယူနိုင်ပြီး ငွေချေးယူသူများအနေနှင့် ပုံမှန်ဝင်ငွေရှိသူများဖြစ်ရန် လိုအပ်သည်။

ချေးယူနိုင်သည့်ပမာဏမှာ ဝယ်ယူမည့်တိုက်ခန်း သို့မဟုတ် မြေကွက်၏ တန်ဖိုးနှင့် မိမိတို့ အရစ်ကျပြန်ဆပ်နိုင်သည့် ပမာဏအပေါ် မူတည်သည်။ အိမ်ပြင်ဆင်ရန်အတွက် ချေးငွေပမာဏမှာ အများဆုံး ရူပီး ၃ သန်းဖြစ်သည်။ ချေးငွေချေးယူရာတွင် အနည်းဆုံးချေးယူသူမှ ထည့်ဝင်ရမည့်ပမာဏကိုလည်း သတ်မှတ်ထားသည်။ ချေးငွေ ရူပီး ၇ ဒသမ ၅ သန်းအထိ ရယူလိုသူအတွက် ကနဦးထည့်ဝင်ငွေမှာ ၂ ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေ ၇ ဒသမ ၅ သန်းမှ ၂၀ သန်းအထိကို ၂၅ ရာခိုင်နှုန်း ထည့်ဝင်ရန် လိုအပ်သည်။ ၂၀ သန်းနှင့်အထက်ချေးငွေအတွက် ကနဦးထည့်ဝင်ငွေမှာ ၃၅ ရာခိုင်နှုန်းဖြစ်သည်။ အိမ်ပြင်ဆင်ချေးငွေအတွက်မူ ကနဦးထည့်ဝင်ငွေမှာ ၂ ရာခိုင်နှုန်းဖြစ်သည်။ ချေးငွေအားလုံးအဆွက် ဆိုင်းငံ့ကာလကို ၁၈ လ သတ်မှတ်ထားသည်။

အိမ်ရာချေးငွေ ရယူလိုသူများသည် မိမိတို့၏ ချေးငွေကို အနှစ် ၃၀ အတွင်း အကျေဆပ်ရမည်ဖြစ်ပြီး အိမ်ပြင်ချေးငွေအတွက်မူ ၁၀ နှစ်အတွင်း အကျေဆပ်ရန်လိုအပ်သည်။ လစဉ်ပေးရမည့် အတိုးနှုန်းမှာ တစ်ရာခိုင်နှုန်းဖြစ်သည်။ အိန္ဒိယ အိမ်ရာချေးငွေစနစ်တွင် မှတ်သားစရာကောင်းသည့် အချက်မှာ Third party guarantee မလိုအပ်ခြင်း၊ အခြားသော ဝင်ငွေအရင်းအမြစ်များမှ ငွေပေါ်သောကြောင့် ချေးငွေအကျေဆပ်လျှင်လည်း prepayment penalty ပေးဆောင်ရန်မလိုခြင်း ဖြစ်သည်။ သို့ရာတွင် မိမိတို့လက်ဝယ်ရယူထားသော အဆောက်အအုံများအတွက် ဆုံးရှုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် property insurance မထားမနေ ထားရမည်ဖြစ်သည်။

**Reference : Investment Guide Book**




FoodCorp

No.(2901,2902), Industrial Zone Road, 63 Ward, Industrial Zone (2), South Dagon Township, Yangon Myanmar, 11431
(Hot Line) : 095110693, 8834993900 (YGN) Ph : 09 883493850, 8834993851

# FUTURE MAX

## TRADING & LOGISTICS SERVICES CO.,LTD





Our Services

> Customs Clearances and Trade Formalities Services
> Multi Model Transportation Services
> International Sea Freight Forwarding
> Project Cargo Handling
> License Services

CONTACT INFORMATION

COMPANY ADDRESS- NO 84/86, ROOM NO - 802, 8TH FLOOR, BOTAHTAUNG ZAY STREET, BOTAHTAUNG TOWNSHIP, YANGON REGION, MYANMAR.

E-mail Address- michaelzin2344@gmail.com, futuremax428@gmail.com

Phone Number- 09-895 354 656, 09- 799 976 932

LinkedIn – www.linkedin.com/in/future-max-01283b247



# SEVEN STARS
## Shipping and General Services Co., Ltd.






Seven Star Shipping and General Service Co.,Ltd.
Building-A, Room-805, 8th Floor Mahar Nawarat Condo.
51st Street, Between Marchant Road & Mahar Bandula Road,
Botahtaung Tsp, Yangon.
Ph: + 959 426043656, +959 784597920
Email: 7star@7starship.com
Wabsite : http://www.7starship,com/online-application-form/
Fb: Seven Stars Shipping

# အောင် Steel Trading



အမှတ် (D181) , ပုဇွန်တောင်လမ်းနှင့် ကျောက်ပုထိုးလမ်းထောင့်
စက်မှုဇုန် (၃) တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။
Contact - 095158126 - 095050373 - 09777766373 - 0945055351
Email - aungtheinwin2017@gmail.com

# Paing Family International Co., Ltd

**Export & Import Trading Company**
**(Beans and Pulses, Sesame Seeds, Sugar)**



No. BSH 1, Hematite Shop House, Baho Road, Homi Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887

Precious Myanma Heart
PROMOTING CREATIVITY



## P.M.H PRECIOUS MYANMA HEART CO.,LTD

Factory Address: No.338, Watayar Kyaung Street, Watayar Industrial Zone, Shwe Pyi Thar Township , Yangon Region.Myanmar

09962600840/ 09420070110

info@pmhtrading.com




**YANGON SHOWROOM**

09 965 965 033

No.351, Pyay Road, Sanchaung Tsp,
Yangon, Myanamr

**MANDALAY SHOWROOM**

09 956 956 733

No.417, Corner of 19th road and 58th road,
Aung Myay Thazan Tsp, Mandalay

**NAYPYITAW SHOWROOM**

09 940 004 471

No.30, Thiri A Naw Ya Htar 4th street,
Thiri Yadanar Shopping Complex,
Zabu Thiri Township, Naypyitaw

# COMMERCE INTERNATIONAL

## FAW ကားကုမ္ပဏီ၏ ပထမဦးဆုံး တရုတ်-ဥရောပ ကုန်တင်ရထား စတင် ပြေးဆွဲ

တရုတ်နိုင်ငံအခြေစိုက် ကမ္ဘာကျော် မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်းတစ်ခု ဖြစ်သည့် FAW ဂရု(ပ်) ကုမ္ပဏီလီမိတက်သည် ၎င်းတို့၏ ပထမဦးဆုံးသော တရုတ်-ဥရောပ ကုန်တင်ရထားကို စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

FAW ကုမ္ပဏီမှ ထုတ်လုပ်သည့် နည်းပညာမြင့် ကားပစ္စည်း အစိတ်အပိုင်းများ တင်ဆောင်ထားသော ရထားတစ်စင်းသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလျင်ပြည်နယ် ချန်ချွမ်းမြို့မှ ဥရောပသို့ ဩဂုတ် ၂၇ ရက်က စတင်ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။ ယင်းမှာ အဆိုပါ ကုမ္ပဏီ၏ ပထမဆုံးသော တရုတ်-ဥရောပ တိုက်ရိုက် အမြန်ချောပို့ရထားလမ်း ဝန်ဆောင်မှုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။




တရုတ်နိုင်ငံမှ ဥရောပသို့ စတင်ပြေးဆွဲသော အဆိုပါရထားသည် FAWကုမ္ပဏီ၏ Jiefang နှင့် Bestune ကားအမှတ်တံဆိပ်များအတွက် လိုအပ်သည့် ပစ္စည်းအစိတ်အပိုင်းများကို တင်ဆောင်လာပြီး ခရီးအကွာအဝေး ကီလိုမီတာ ၇၉၀၀ ခန့်အထိ မောင်းနှင်ရမည်ဖြစ်သည်။ ယင်းရထားသည် မန်ကျိုးလီဆိပ်ကမ်းတွင် ခေတ္တရပ်နားပြီးနောက် ၎င်းကိုဖြတ်သန်းကာ ဥရောပသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

FAWကုမ္ပဏီသည် တရုတ်-ဥရောပ အမြန်ချောပို့ရထားလမ်း ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ရရှိထားသည့် တစ်ခုတည်းသော တရုတ်နိုင်ငံမှ ကားထုတ်လုပ်သူဖြစ်သည်။ FAW သည် သယ်ယူပို့ဆောင်ရေး နည်းလမ်းမျိုးစုံကို ရေကြောင်းဖြင့်သာမကဘဲ ရထားနှင့်ပါ ကုန်စည်ပို့ဆောင်မှုနှင့် နိုင်ငံရပ်ခြား ဂိုဒေါင်များအထိ အချိန်မီ ပေးပို့နိုင်ရန် တီထွင်ဆန်းသစ်လုပ်ဆောင်ထားသည်ဟု ဆိုသည်။

FAWကုမ္ပဏီ၏ အဆိုပါ ဝန်ဆောင်မှုများသည် သယ်ယူပို့ဆောင်ရေး စရိတ်အားလုံးကို ထိထိရောက်ရောက် လျှော့ချပေးခြင်းနှင့် ကုန်ပစ္စည်း ထောက်ပံ့မှုကွင်းဆက်များကို ခံနိုင်ရည် သိသိသာသာ တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပုံမှန် ပင်လယ်ရေကြောင်းမှ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရထားဝန်ဆောင်မှု၏ သယ်ယူပို့ဆောင်မှု ကြာချိန်ကို ၄၅ ရက်မှ ၁၈ ရက်အထိ လျှော့ချပေးနိုင်မည်ဖြစ်ပြီး သယ်ယူပို့ဆောင်စရိတ်ကိုလည်း ၃၀ ရာခိုင်နှုန်းကျော်အထိပင် သက်သာစေမည်ဖြစ်သည်။

FAW ကုမ္ပဏီသည် မော်တော်ကား တင်ပို့မှု နှစ်စဉ် မြင့်တက်လျက်ရှိပြီး သက်ဆိုင်ရာနိုင်ငံများနှင့် ပူးပေါင်းထုတ်လုပ်သည့် Hongqi အမှတ်တံဆိပ် စွမ်းအင်သစ်မော်ဒယ်ကို မကြာသေးမီကာလက ဥရောပဈေးကွက်တွင် ပွဲထုတ်နိုင်ခဲ့ပြီဖြစ်သည်။

**Source; Xinhua**

## အမေရိကန်က အိန္ဒိယနိုင်ငံအပေါ် ၅၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှု စတင်

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိန္ဒိယနိုင်ငံအပေါ် အခွန်စည်းကြပ်မှုကို ၅၀ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမှု စတင်လိုက်ပြီ ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်တွင် ဘီဘီစီသတင်းဌာနက ရေးသားဖော်ပြထားသည်။

အိန္ဒိယက ရုရှားထံမှ ရေနံနှင့် လက်နက်များဝယ်ယူမှုနှင့် ပတ်သက်ပြီး ဒဏ်ငွေ ၂၅ ရာခိုင်နှုန်း ထပ်မံချမှတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမိန့်ထုတ်ပြန်ပြီးနောက် ရက်သတ္တပတ် အနည်းငယ်အတွင်း၌ပင် အိန္ဒိယအပေါ် စည်းကြပ်ခွန် ၅၀ ရာခိုင်နှုန်းကို စတင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ-ပစိဖိတ်ဒေသတွင် အမေရိကန်၏ အခိုင်မာဆုံး မိတ်ဖက်နိုင်ငံဖြစ်သည့် အိန္ဒိယသည် ကမ္ဘာပေါ်တွင် စည်းကြပ်ခွန် အမြင့်ဆုံးခံရသည့် နိုင်ငံများထဲတွင် ပါဝင်လာခဲ့သည်။ အမေရိကန်၏ ယခုလုပ်ရပ်သည် အိန္ဒိယနိုင်ငံအတွက် ကြီးမားသော ထိုးနှက်ချက်တစ်ရပ် ဖြစ်လာနိုင်ပြီး ပို့ကုန်များအတွက်လည်း ထိခိုက်လာမည်ဖြစ်သည်။

ယခုလအစောပိုင်းတွင် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ၎င်းတို့၏ စီးပွားရေးထိခိုက်မှုကို လျော့ပါးစေရန် ကတိကဝတ်ပြုမှုများနှင့်အတူ အကြီးဆုံး စီးပွားရေးမှသည် အသေးစား စီးပွားရေးလုပ်ငန်းများအထိ အားကောင်းစွာ လည်ပတ်နိုင်ရန် ကြိုးပမ်းခဲ့သည်။

အိန္ဒိယနိုင်ငံ ပြည်တွင်း အသားတင်ထုတ်ကုန်(GDP)၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ထုတ်လုပ်မှုဝေစုသည် ပိုမိုခက်ခဲလာသည်နှင့်အမျှ တိုးတက်မှုမှာ နှေးကွေးနေချိန် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းက ကိုဗစ်အလွန်တွင် စီးပွားရေးပြန်လည်ဦးမော့နိုင်ရန် အစွမ်းကုန် ကြိုးပမ်းခဲ့ရသည်။ အဆိုပါ အခက်အခဲများကြားတွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးမှာ တိုးတက်မှု ရှိလာခြင်းနှင့်အတူ ပို့ကုန်ကဏ္ဍမှာလည်း တိုးတက်လာခဲ့သည်။ သို့သော် အမေရိကန် သမ္မတသစ်အဖြစ် ဒေါ်နယ်ထရန့် တက်လာပြီးချိန်တွင် အခွန်စည်းကြပ်မှုပြဿနာများနှင့်အတူ ကမ္ဘာ့နိုင်ငံများသည်လည်း မလူးသာ မလွန့်သာ အနေအထားမျိုးသို့ ရောက်ရှိလာခဲ့ကြသည်။

**Source; BBC**






## ဂျာမနီအခြေစိုက် ကားလုပ်ငန်းများ အလုပ်အကိုင် ငါးသောင်းကျော် လျှော့ချ

ဂျာမနီအခြေစိုက် မော်တော်ကားကုမ္ပဏီများသည် အမေရိကန်၏ အခွန်စည်းကြပ်မှုများကြောင့် ပို့ကုန်လုပ်ငန်းများ ထိခိုက်လာမှုနှင့်အတူ အလုပ်အကိုင်ပေါင်း ငါးသောင်းကျော်ကို လျှော့ချလိုက်ရကြောင်း သိရသည်။

ဂျာမနီနိုင်ငံမှ မော်တော်ကားလုပ်ငန်းများမှာ ယမန်နှစ်ကပင် ထုတ်လုပ်မှု အားနည်းခြင်း၊ အမေရိကန်၏ ကြီးမားသော အခွန်စည်းကြပ်ခြင်းနှင့် ကားလုပ်ငန်းကဏ္ဍ၌ လျှပ်စစ်ကားများပြောင်းလဲရန် ကုန်ကျစရိတ် ကြီးမားခြင်းတို့ကြောင့် အလုပ်အကိုင်ပေါင်း ၅၁၀၀၀ ကျော်အထိ လျှော့ချခဲ့ရကြောင်း Consultancy EY ၏ ထုတ်ပြန်ချက်အရ သိရသည်ဟု ဘီဘီစီသတင်းဌာနက ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန်လအထိ ၁၂ လတာကာလအတွင်း ကားလုပ်ငန်းကဏ္ဍသည် ၇ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကြောင်း၊ ယင်းမှာ ဂျာမနီ ကားလုပ်ငန်းခွဲများအတွက် အပြင်းထန်ဆုံးသော ရိုက်ခတ်မှုဖြစ်ကြောင်း ဂျာမနီနိုင်ငံ သတင်းအေဂျင်စီ(dpa German Press Agency)က ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အခွန်စည်းကြပ်မှုကြောင့် မာစီးဒီး အပါအဝင် ဂျာမနီနှင့် အခြားဥရောပနိုင်ငံများရှိ ဖို့ဒ်၊ Stellantis၊ ဗောက်စ်ဝက်ဂွန်၊ ZFနှင့် Bosch စသည့် ကားထုတ်လုပ်သူများနှင့် ထောက်ပံ့ရေး လုပ်ငန်းများစွာသည် စက်ရုံပိတ်ခြင်း၊ အလုပ်အကိုင်နေရာများ လျှော့ချခြင်းများ လုပ်ဆောင်နေရသည်။

**Source; Xinhua**

စိုင်းဗညား - စုစည်းသည်